ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)



# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၁၅

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏ မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်းဘေး ဝဲ/ယာတို့တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ–ရုရှား စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။ သတင်းစဉ်

**ကျန်းမာကြံ့ခိုင်သော နိုင်ငံတော်၏ အခြေခံအုတ်မြစ် (သို့မဟုတ်) ကျောင်းကျန်းမာရေး**

ဆောင်းပါး စာမျက်နှာ » ၆

**ဒီဂျစ်တယ်ထောင်ချောက် - ဆိုရှယ်မီဒီယာ၊ စွဲလမ်းစေသော အယ်လ်ဂိုရီသမ်နှင့် လူမှုရေးပြဿနာများ**

ဆောင်းပါး စာမျက်နှာ » ၁၀

# ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁၅

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့ စစ်မှုထမ်းများသည်

စာမျက်နှာ ၇ ကော်လံ ၅ သို့ ✣



# မြိတ်မြို့၌ ပြည်သူများအား ဆန်၊ ဆီနှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

မြိတ် ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် မြိတ်မြို့၌ ဆန်၊ ဆီနှင့် ကြက်ဥများကို မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာရပ် မီးသတ်ရှေ့တွင် သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ရောင်းချပေးသည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ○

ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ စာမျက်နှာ » ၅

လူငယ်စကားဝိုင်း ၂၀၂၆ သို့ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအပါအဝင် လူငယ် ၁၀၀၀ ကျော် တက်ရောက် စာမျက်နှာ » ၉

ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မသန်စွမ်းကျောင်းသား ကျောင်းသူ ၄၇ ဦးအား ပညာသင်ဆုချီးမြှင့်မည့်စီမံကိန်း လက်မှတ်ရေးထိုး စာမျက်နှာ » ၁၅

ကြေးမုံ

# မမှန်မကန်ရေးသားထုတ်လွှင့်ဖော်ပြမှုများ အမှန်တရားဖြင့်ပြတ်သားစွာချေဖျက်

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာကြသည့် လှေစီးဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားရှိစခန်းများတွင် နေထိုင်လျက်ရှိသူများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် အမျိုးမျိုးအဖုံဖုံ ရေးသားထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ယင်းသို့ရေးသားထုတ်လွှင့် ဖော်ပြပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်အမှားများအပေါ် အခြေခံလျက် တစ်ဖက်စောင်းနင်း ရေးသားဖော်ပြပြောဆိုနေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများနှင့် ပတ်သက်သည့် ဖြစ်စဉ်အမှန်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်တည်းတိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများ ပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်အနေဖြင့် အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးခဲ့ကြရပြီး ဘင်္ဂါလီအမြောက်အမြားက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးနေရပ်စွန့်ခွာသွားခဲ့ကြခြင်းဖြစ်သည်။

အချက်အလက်မှတ်တမ်းများအရ အာဆာအကြမ်းဖက်အဖွဲ့ တိုက်ခိုက်မှုမတိုင်မီက ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်ရှိ ဘင်္ဂါလီလူဦးရေမှာ ၇၄၀၀၀၀ ကျော်ရှိခဲ့ပြီး ပဋိပက္ခဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂါလီလူဦးရေ နှစ်သိန်းကျော် နေထိုင်လျက်ရှိသဖြင့် ဘင်္ဂါလီလူဦးရေ ၅၄၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့သည်။ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူ တစ်သန်းကျော်ရှိသည်ဟု ပြောဆိုနေကြသည်မှာ မှားယွင်းသောအရေအတွက်ဖြစ်ကြောင်း သိသာမြင်သာပါသည်။ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်လအတွင်း နှစ်နိုင်ငံသဘောတူစာချုပ်သုံးခု ချုပ်ဆိုခဲ့သည်။

စာချုပ်နှင့်အညီလက်ခံရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင်တစ်ကြိမ်၊ ပူးတွဲသဘောတူညီချက်အရ နိုဝင်ဘာ ၁၅ ရက်တွင်တစ်ကြိမ်၊ တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်၏ အကြောင်းကြားချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင်တစ်ကြိမ် သုံးကြိမ်စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်လာခြင်းမရှိပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နေရပ်စွန့်ခွာသွားသူစာရင်းအဖြစ် ၈၂၈၈၂၄ ဦးပေးပို့ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ အမည်စာရင်း ၄၂၆၅၄၅ ဦးကို စိစစ်ခဲ့ပြီးဖြစ်သည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၃၀၈၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့သူ ၄၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ခဲ့ကြောင်း အထောက်အထားမတွေ့သူ ၁၁၃၅၀၇ ဦးကို စိစစ်တွေ့ရှိခဲ့ရသည်။

အဆိုပါတိတိကျကျစစ်ဆေးခဲ့သော ကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ်စခန်းများတွင် နေထိုင်သူအားလုံးကို မြန်မာနိုင်ငံမှ လာရောက်သူများဟု စွပ်စွဲပြောဆိုမှုများနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိသည်။ အလားတူပင် လှေစီးဒုက္ခသည်များနှင့် အခြားနိုင်ငံသို့ ရောက်ရှိနေသူများအား မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုနေမှုများမှာလည်း မှန်ကန်မှုမရှိသဖြင့် ပြတ်သားစွာကန့်ကွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထားစိစစ်သည့်လုပ်ငန်းစဉ်များကြောင့် နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂါလီများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အောင်မြင်စွာပြန်လည်လက်ခံနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့ကြသူများကို ပြန်လည်လက်ခံရန် စိတ်ဆန္ဒမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့်ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မျက်မြင်စစ်ဆေးခြင်းခရီးစဉ်၊ သံတမန်များအား ပြသသည့်ခရီးစဉ်များ ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ဆန္ဒအလျောက်၊ လုံခြုံဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်ကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ နေရပ်စွန့်ခွာသူများအား နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာ မမှန်မကန်ပုံဖော်နေမှုများကို တိကျမှန်ကန်သောအချက်အလက်များဖြင့် ပြတ်သားစွာပယ်ချပြီး ရခိုင်ပြည်နယ် လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာပါက နှစ်နိုင်ငံညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း။ ။

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းပပျောက်စေရေးအတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်းတို့အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရရှိသေးသည့်မိဘပြည်သူများအနေဖြင့် လိုအပ်သည့် လျှပ်စစ်မီတာအသစ်များကို လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့် စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ တိုက်ရိုက်လျှောက်ထားခြင်းများကိုလည်း စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသကဲ့သို့ Analog မီတာများအပါအဝင် Smart Meter စနစ်နှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးသည့် မီတာများ အသုံးပြုနေသည့် ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်အတွင်း စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ဓာတ်အားခိုးယူသုံးစွဲမှုများတွင် ပါဝင်ပတ်သက်မှုရှိသည့် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူခြင်း၊ လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းအရေးယူခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်၍ဓာတ်အားခိုးယူသုံးစွဲမှုများ လျှော့နည်းပပျောက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျအသုံးပြု၍ ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် မသမာမှုအားတွေ့ရှိရပါကလည်း အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့၍ တိကျစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(ရုံးချုပ်) - ၀၆၇-၃၄၁၀၀၇၂
(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇
(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) - ၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊
၀၂-၄၀၇၂၆၁၈ (Hot Line)
(ဃ) ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့နံနက် ၄ နာရီ ၂၈ မိနစ် ၂၈ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၄၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Flores Region, Indonesia) တောင်လတ္တီတွဒ် ၈ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ ၄၄ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၅(M) အဆင့်ရှိအင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ညနေ ၅ နာရီ ၂၄ မိနစ် ၅၂ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၉၇၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Sumatra, Indonesia) မြောက်လတ္တီတွဒ် ၃ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၆၈ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၆ ဒသမ ၈(M) အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့မွန်းလွဲ ၂ နာရီ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ စင်တီမီတာ (၂ လက်မခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၁၅ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှာစကားပြောကြားစဉ်။




ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေပျိုးပင်အား စိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပိတောက်ပျိုးပင်အား စိုက်ပျိုးပေးစဉ်။

☆ **ရွှေဖုံးမှ**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ဖြစ်ပြီး ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏ မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်းဘေးဝဲ/ယာတို့တွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့် ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယခင်က နေပြည်တော်၌သာ ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်မှစ၍ မင်းဘူးမြို့နှင့် မိတ္ထီလာမြို့တို့တွင်လည်း ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ဇူလိုင် ၁၂ ရက်တွင် ပြင်ဦးလွင်မြို့နှင့် ဇူလိုင် ၁၃ ရက်တွင် မင်းဘူးမြို့တို့၌ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော် တစ်ကြိမ်စီ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်း သစ်တောများဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေး စသည်တို့ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့်အတူ တစ်နိုင်ငံလုံး ဒေသအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိနေကြကြောင်း၊ နေပြည်တော်ကို သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်သည့် မြို့တော်အဖြစ် တည်ဆောက်သည့်နေရာတွင် အထောက်အကူရစေရန်လည်း ပါဝင်ကြောင်း။

နိုင်ငံတော်အနေဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်တစ်ဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်သာယာဝပြောရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံးစိန်ခေါ်မှုမှာ "ရာသီဥတုပြောင်းလဲမှု (Climate Change)" နှင့် "ကမ္ဘာကြီးပူနွေးလာမှု(Global Warming)"ပင်ဖြစ်ကြောင်း၊ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့်မုန်တိုင်းများ တိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်တစ်ဝန်း ကြုံတွေ့ခံစားနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

☆ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေကြောင်း။

မိမိတို့နိုင်ငံတွင် မကြာသေးမီ ၂၀၂၃ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်း ရာဂီမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ မြို့နယ်တချို့တွင် မိုးများစွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံဖြင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်နေသည်ကို သတိပေးမှာကြားလိုကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို လျှော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် "အသက်ပံ့ပိုးမှုစနစ် –life Supporting System" အဖြစ် သတ်မှတ်ထားကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ထို့မျှမက ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးနှင့် စားရေရိက္ခာဖူလုံရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များအားလုံး၏ ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျ စီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းတံတား ဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လှူဒါန်းခြင်း စသည်တို့နှင့် တန်းတူအကျိုးထူးများရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်ကြောင်း၊ အေးမြသည့် အရိပ်အာဝါသ၊ လှပစိမ်းစိုသည့် ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့်ပန်းရနံ့များကို လူတိုင်းကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့် သစ်ပင်တိုင်းရှင်သန်အောင်မြင်စေလိုသည့် စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့် သစ်တောထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းများကိုလည်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် အလေးထား ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် အာဆီယံလမ်းမကြီးလမ်းဘေး ဝဲ/ယာ၊ ပြည်ထောင်စုလမ်းမကြီးဘေးဝဲ/ယာများ၊ ကျေးရွာခရိုင်ချင်းဆက်လမ်းဘေးဝဲ/ယာများ၌ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင် ကျဲပါးသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲ ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ မြို့ပြသစ်တောများဖွံ့ဖြိုးရေး၊ မြို့ပြဧရိယာများ စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရုံသာမက နိုင်ငံ့စီးပွားရေးကို အထောက်အကူဖြစ်စေမည့် ဝါး၊ ရော်ဘာ စသည့် နှစ်ရှည်စက်မှုကုန်ကြမ်း သစ်ပင်မျိုးများကိုလည်း အခြေအနေပေးသည့်၊ ရနိုင်သည့် နေရာများတွင် စိုက်ပျိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များ အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက်၊ သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး "တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး" ကိုလည်း အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ကြောင်း။

နိုင်ငံတစ်ဝန်း Green City၊ Clean City၊ Smart City နှင့် Green Village များ ဖွံ့ဖြိုးလာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့်အတူ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့် မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်း ရှိစေရေး ရည်မှန်းချက်ကို စောစီးလျင်မြန်စွာဖြင့် မလွဲမသွေ အောင်မြင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ သစ်ပင်သစ်တောပေါကြွယ်ဝမှု၊ စိမ်းလန်းစိုပြည်မှု၊ သာယာလှပမှုများသည် နိုင်ငံသားများ၏ ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်နှင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၏ သင်္ကေတည်ရာမျိုးစေ့လည်း ဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွား၊ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါး စိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့် ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်အား စိုက်ပျိုးပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်အား စိုက်ပျိုးပေးစဉ်။

# မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၅**

"လုံခြုံလှပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်း ရစေသား" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း (MWCDF) ၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ(၁) ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး ကချင်ပြည်နယ် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လေးမေအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး မကွေးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စီအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ ဒုတိယသမ္မတ (၁) ဦးညိုစော၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယ သမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၏ ဇနီးများ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ပြည်ထောင်စုဝန်ကြီး များ၏ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီး များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မိတ်ဖက် အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုး သမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုး သမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း၏ Theme Song "လုံခြုံလှပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်း ရစေသား" သီချင်းဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အနုပညာရှင်များက သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက် ကြပြီး MWCDF အသင်း၏ ၁၃ နှစ်တာကာလအတွင်း အသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုး သမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) မှ ကဏ္ဍအသီးသီးတွင် နိုင်ငံတော် အဆင့် ဆုရရှိသူများအား ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများ နှင့် ကလေးသူငယ်များ ဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌ များအား ဒုတိယသမ္မတ(၁)၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများ နှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်စမ်းစမ်းအေး၊ ဒုတိယ သမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီး များနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူး ဆောင်နာယက ဒေါ်နန်းနီနီအေး နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်နီလာတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြ သည်။

ယင်းနောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာ နိုင်ငံအမျိုးသမီးများနှင့် ကလေး သူငယ်များဘဝ မြှင့်တင်ရေး အသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် တက်ရောက် လာကြသည့် ဧည့်သည်တော်များ နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီး များနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ လှုပ်ရှား ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်း များ၊ တိုင်းဒေသကြီး၊ ပြည်နယ် များမှ ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ် များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌများက ဦးစီး၍ အသင်းနှစ်ပတ်လည်အစည်းအဝေး ကို ကျင်းပပြုလုပ်ပြီး အသင်း ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အသင်း ဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ အသင်းဖွဲ့စည်းပုံနှင့် စည်းကမ်းချက် များ ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းစဉ်အကျဉ်းချုပ် တင်ပြ ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင် ခံစာများ ရှင်းလင်းပြောကြားခြင်း နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းများသို့ ထောက်ပံ့ငွေ၊ အသင်းဗလာစာအုပ်နှင့် လက်ကမ်း စာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ကာယ၊ ဉာဏ ပြပွဲ၊ ပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်နှင့် မြို့နယ် ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကာယပြိုင်ပွဲများဖြစ်သည့် ဆန်ကောရွက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်း၊ ဘောလုံးထည့်၊ အင်္ဂလိပ်စကားပုံဆက်၊ ဒိုးဆက်၊ အရုပ်ဆက်၊ ခွက်ထပ်၊ ဘယ်ခြေညာလက်၊ စစ်တုရင်ပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခြင်းနှင့် အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျန်းမာကြံ့ခိုင်သော နိုင်ငံတော်၏ အခြေခံအုတ်မြစ် (သို့မဟုတ်) ကျောင်းကျန်းမာရေး

နန္ဒဝင်း (ဆေး-၁)

**လူသားတစ်ဦး မွေးဖွားသည်မှ အိုမင်းကာ သေဆုံးသည်အထိ ဖြတ်သန်းခဲ့ရသော ဘဝခရီးတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် လိုအပ်ချက်များ၊ လိုအင်များ မတူညီနိုင်ကြပေ။ သို့သော် အခြေခံဇီဝကမ္မသဘောတရားအရ လိုအင်များကို ခွဲခြမ်းစိတ်ဖြာလိုက်ပါလျှင် အခြေခံလိုအင်များသည် သက်တမ်း၏ ဆယ်စုနှစ်အလိုက် တူညီတတ်ကြသည်ကို တွေ့ရှိရပါသည်။**

ပထမဆယ်နှစ်တွင် ကလေးတို့သည် ချစ်ခြင်းမေတ္တာကို အဓိကလိုအင်အဖြစ် တမ်းတတတ်ကြပါသည်။ မွေးဖွားသည်မှ အသက်ဆယ်နှစ်အကြား ကလေးငယ်ဘဝတွင် ချစ်ခြင်းမေတ္တာကို မှန်ကန်စွာ ရရှိခဲ့သောသူ၏ ဘဝလမ်းခရီးသည် အခြားအခြေအနေအရပ်ရပ်တူပါသော်လည်း ချစ်ခြင်းမေတ္တာကို မှန်ကန်စွာမရရှိခဲ့သူများနှင့် နှိုင်းယှဉ်ပါလျှင် အစစအရာရာ နှာတစ်ဖျား၊ နီးတစ်ဖျား၊ ခေါင်းတစ်လုံးမက သာနေ၊ ကျော်နေတတ်သည်ကို တွေ့ရပါသည်။

ဒုတိယဆယ်နှစ်အတွက် အဓိကလိုအင်မှာ အသိပညာ အတတ်ပညာသင်ကြားမှုပင် ဖြစ်ပါသည်။ အသက်ဆယ်နှစ်မှ နှစ်ဆယ်ကြား လူငယ်လေးဘဝတွင် အသိပညာ အတတ်ပညာကို ကောင်းမွန်စွာ သင်ကြားလေ့လာခွင့်ရသောသူများသည် ကျန်မရရှိသောသူများထက် ဘဝခရီးတောက်လျှောက်တွင် ပိုမိုအေးချမ်း ချောမွေ့သာယာစွာ အောင်မြင်မှုများ ရရှိနိုင်သည်ကို သုံးသပ်မိပါသည်။

ထို့အတူပင် တတိယဆယ်နှစ်ကား မိတ်ဆွေကောင်း၊ စတုတ္ထဆယ်နှစ်ကား စီးပွားရေး၊ ပဉ္စမဆယ်နှစ်ကား နေရာဌာန၊ ဆဋ္ဌမဆယ်နှစ်ကား တပည့်ကောင်း၊ သတ္တမဆယ်နှစ်ကား နှလုံးသွင်းတတ်မှု၊ အဋ္ဌမဆယ်နှစ်ကား ကျန်းမာရေးဟူ၍ သုံးသပ်သိရှိရပါသည်။

အသက်ရှစ်ဆယ်ထက်ကျော်လွန်၍ နေရမှုကား ဖြစ်သမျှ အကြောင်းအရာတို့သည် ကံနှင့်ကံ၏ အကြောင်းတရားများကြောင့်၊ အကြောင်းကြောင့် အကျိုးပေးသည်ဟု မှတ်ယူကာ ဖြစ်သမျှကို အရှိအတိုင်းမြင်တတ်သော ဥပေက္ခာတရားသာ လိုအင်ဖြစ်ပေတော့သည်။

## ပထမဆယ်နှစ်တာကာလတွင် မှတ်ဉာဏ်တွင် အမှတ်တရ မမှတ်မိတတ်ကြ

ကျွန်တော်တို့လူသားဘဝအစ ပထမဆယ်နှစ်တာကာလတွင် အခြေခံအားဖြင့် မွေးဖွားသည်မှ အသက်ငါးနှစ်အထိ မိဘဘိုးဘွား မိသားစုများ၏ လက်ဝယ်ကြီးပြင်းခဲ့ရပါသည်။ ထိုကာလများတွင် များသောအားဖြင့် အလွန်ပြင်းထန်သော ခံစားချက်များမှအပ ကျန်အတွေ့အကြုံတို့သည် မှတ်ဉာဏ်တွင် အမှတ်တရ မမှတ်မိတတ်ကြပေ။ ဆေးပညာအရ ထိုအဖြစ်အပျက်ကို သဘာဝအရ ကလေးဘဝမေ့လျော့ခြင်း (Natural Childhood amnesia) ဟု သတ်မှတ်တတ်ကြပါသည်။

လောကဓမ္မအစဉ်အလာအရ အသက်ငါးနှစ်မှ ဆယ်နှစ်ကြားကာလတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားခဲ့ရရာ နေ့တစ်နေ့၏ နိုးကြားနေသော အချိန်အများစုသည် စာသင်ကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင်သာ ကုန်ဆုံးခဲ့ရလေတော့သည်။ ထိုကာလကား မှတ်ဉာဏ်တို့ ဖွံ့ဖြိုးကာလေ့လာသင်ယူ တွေးတောနိုင်စွမ်းတို့ စတင်ဖွံ့ဖြိုးချိန်ဖြစ်လေရာ ဘဝတွင် အမှတ်မထင်ရော မှတ်မှတ်ထင်ထင်ပါ သတိရတတ်စေသော ကာလတစ်ခုဟု သတ်မှတ်ထားကြပါသည်။

ထို့ကြောင့် ခေတ်သစ်မူလတန်းပညာရေး သင်ကြားမှုစနစ်တွင် အရေး၊ အဖတ်၊ အတွက် အချက်ပညာရပ်ဆိုင်ရာ အခြေခံများကို ၅၀ ရာခိုင်နှုန်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတလိုက်လျောညီစွာ ဆက်ဆံတတ်ရေး၊ ခံစားချက်ခံယူချက်ရင့်သန်ရေးဆိုင်ရာ အခြေခံများကို ၃၀ ရာခိုင်နှုန်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံသင်ကြားမှုများကို ၂၀ ရာခိုင်နှုန်းအထိ ပါဝင်ရမည်ဟု စတင်ဆွေးနွေးလာကြခြင်းဖြစ်ပေမည်။

စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး (Socio-emotional and physical learning) သင်ကြားခံရသော ကလေးများသည် ပညာရပ်ပိုင်းဆိုင်ရာများသာ ရာနှုန်းပြည့် သင်ကြားခွင့်ရသော အခြားအခြေအနေတူ ကလေးများထက် လူလတ်ပိုင်းကာလရောက်သောအခါ ၁၁ ရာခိုင်နှုန်းနီးပါး လူမှုရေး၊ စီးပွားရေး၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုအဆင်ပြေအောင်မြင်ကြသည်ကို သုံးသပ်တင်ပြသူများရှိလာကြပါသည်။

## အမူအကျင့်ပြောင်းလဲရေးသည် အဓိကရည်မှန်းချက်ဖြစ်

ကျန်းမာရေး ပညာပေးလုပ်ငန်းများတွင် အမူအကျင့်ပြောင်းလဲရေးသည် အဓိကရည်မှန်းချက်ဖြစ်ပါသည်။ ကျန်းမာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် အမူအကျင့်ကောင်းများ စွဲမြဲစွာ ဖြစ်ထွန်းရေးအတွက် အခြေခံအဆင့်လေးဆင့် လိုအပ်ပါသည်။ ပထမအဆင့်သည် ကောင်းမွန်စွာ သတိပြုမိခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဒုတိယအဆင့် ပါဝင်လှုပ်ရှားလာကာ တစ်ဖန် တတိယအဆင့် ယုံကြည်သက်ဝင်မှုရရှိလာပြီး နောက်ဆုံးအဆင့် မိမိတို့ကျန်းမာရေးအတွက် မိမိတို့သည်လည်း တာဝန်ရှိသည်ဟူသော အသိစိတ် ရရှိခဲ့ပါလျှင် အောင်မြင်ပြီဟုဆိုရပေမည်။

**❛ကျန်းမာရေး ပညာပေးလုပ်ငန်းများတွင် အမူအကျင့်ပြောင်းလဲရေးသည် အဓိကရည်မှန်းချက်ဖြစ်ပါသည်။ ကျန်းမာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် အမူအကျင့်ကောင်းများ စွဲမြဲစွာဖြစ်ထွန်းရေးအတွက် အခြေခံအဆင့်လေးဆင့် လိုအပ်ပါသည်။ ပထမအဆင့်သည် ကောင်းမွန်စွာ သတိပြုမိခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဒုတိယအဆင့် ပါဝင်လှုပ်ရှားလာကာ တစ်ဖန် တတိယအဆင့် ယုံကြည်သက်ဝင်မှုရရှိလာပြီး နောက်ဆုံးအဆင့် မိမိတို့ကျန်းမာရေးအတွက် မိမိတို့သည်လည်း တာဝန်ရှိသည်ဟူသော အသိစိတ် ရရှိခဲ့ပါလျှင် အောင်မြင်ပြီဟုဆိုရပေမည်❜**

လွန်ခဲ့သောနှစ်နှစ်ဆယ်နီးပါးက သွေးလွန်တုပ်ကွေးရောဂါများပြားစွာဖြစ်နေသော တိုက်နယ်လေးတစ်ခုတွင် မူလတန်းကျောင်းသားငယ်လေးများကို အခြေပြု၍ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ဖူးပါသည်။ ထိုအခါက ကလေးငယ်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုဖြင့် ငါးနှစ်ဆက်တိုက် သွေးလွန်တုပ်ကွေးကြောင့်သေဆုံးသူမရှိသည့်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်နိုင်ခဲ့ပါသည်။ ထို့မျှသာမက ထိုအခါက ကလေးငယ်များသည် ယခုအခါ လူငယ်ခေါင်းဆောင်များအဖြစ် နယ်ပယ်အသီးသီးတွင် ရောက်ရှိနေကြရာ သူတို့သည် ပိုးလောက်လမ်းနှိမ်နင်းရေးကို ယနေ့တိုင် လုပ်ဆောင်နေဆဲဖြစ်ကာ သူတို့၏ ပတ်ဝန်းကျင်တွင် ခြင်ကြောင့်ဖြစ်တတ်သောရောဂါများ ကင်းစင်နေကြသည်ကို ကြည်နူးဖွယ်ပြန်သိခွင့်ရခဲ့ပါသည်။ အပြုအမူမှသည် အလေ့အထ ထိုမှသည် ယဉ်ကျေးမှုတစ်ရပ်အဖြစ်သို့ရောက်ရှိနိုင်သည်ဟူသော ဆိုရိုးစကားကို သတိရမိပါသည်။

မူလတန်းကျောင်းသားအဆင့်တွင် ကောင်းမွန်သော အမူအကျင့်များရရှိစေရေး လိုသကဲ့သို့ အလယ်တန်းကျောင်းသားဘဝ အသက်ဆယ်နှစ်မှ ဆယ့်ငါးနှစ်ဝန်းကျင်ကာလတွင် သက်သေခိုင်လုံ၍ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးသည်လည်း အရေးပါလှပါသည်။ ဆိုခဲ့သလိုပင် ဘဝ၏ ဒုတိယဆယ်နှစ်တာကာလတွင် အသိပညာ အတတ်ပညာများ ကောင်းမွန်စွာရရှိရေးသည် ဘဝ၏ အခြေခံလိုအင်ပင် ဖြစ်ပေသည်။

ဇီဝကမ္မပြောင်းလဲမှုအရ ထိုအချိန်တွင် ဆယ်ကျော်သက်ကလေးများသည် ဝေဖန်ပိုင်းခြားလိုစိတ်များ မြင့်တက်နေသော အချိန်ဖြစ်၍ သက်သေခိုင်လုံသော မြင်သာထင်သာလွယ်သည့် သက်သေပြနိုင်သော သတင်းအချက်အလက်များကို နှစ်သက်ယုံကြည်တတ်ကြပါသည်။ ကျွန်တော်တို့ငယ်စဉ်က ဆေးလိပ်ကြာရှည်သောက်၍ အဆုတ်ကင်ဆာဖြစ်ကာ သေဆုံးသွားသူ၏ အဆုတ်ကို ကြိုတင်ခွင့်ပြုချက်ဖြင့် ထုတ်ယူဆေးစိမ်ပြီး လူနာ၏ ဘဝဇာတ်ကြောင်းဖြင့်နှိုင်းယှဉ်၍ လာရောက်ဟောပြောသော ဟောပြောပွဲတစ်ခု တက်ဖူးခဲ့ပါသည်။ ထိုစဉ်မှစ၍ ယနေ့တိုင် မည်သို့သောပတ်ဝန်းကျင်ဖိအားကြောင့်ဖြစ်စေ ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်နိုင်ခဲ့ပါသည်။

အထက်တန်းကျောင်းသားဘဝသို့ ရောက်သောအခါ ဆယ်ကျော်သက်ဘဝအစကပင် တည်ရှိခဲ့သော စူးစမ်းလိုစိတ်မှသည် လက်တွေ့စမ်းသပ်လိုသော (အားစမ်းလိုသော) စိတ်များ ပေါ်ပေါက်လာတတ်သည်မှာ သဘာဝပင်ဖြစ်ပါသည်။ မှန်ကန်သော လက်တွေ့စမ်းသပ်မှု၊ ထိန်းကျောင်းမှုရှိသော အတွေ့အကြုံကောင်းများသည် အောင်မြင်သော အနာဂတ်အုတ်မြစ်ကို ဖြစ်စေတတ်ပါသည်။ ကျွန်တော်တို့ ထိုအချိန်ကာလတွင် လုပ်ဆောင်ခဲ့သော ကျောင်းအခြေပြုကြက်ခြေနီလုပ်ငန်းများနှင့် ကျောင်းအခြေပြု လူမှုအကျိုးပြု အသင်းအဖွဲ့လုပ်ငန်းများက ယနေ့ကာလစီမံခန့်ခွဲမှု၊ ပေါင်းသင်းဆက်ဆံရေးနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာအောင်မြင်မှုများအတွက် အခြေခံကောင်းများဖြစ်ခဲ့သည်ကို ကိုယ်တွေ့ ကျေနပ်ဖွယ်သုံးသပ်မိပါသည်။

နိုင်ငံတော်အကြီးအကဲများက ထိုသို့သော ကျောင်းအခြေပြု လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို သိနားလည်စွာဖြင့် ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးအဆင့်မြင့်ကျောင်းများ ဖြစ်ပေါ်လာစေရေးလုပ်ငန်းစဉ် (၉) ရပ် ချမှတ်ကာ ဆောင်ရွက်စေခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ် (၉) ရပ်မှာ -

(၁) ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း၊
(၂) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊
(၃) ရောဂါကာကွယ်ရေးလုပ်ငန်း၊
(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
(၆) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
(၈) သင်တန်းနှင့် သုတေသနလုပ်ငန်း၊
(၉) ကာယပညာနှင့် အားကစားလုပ်ငန်းတို့ဖြစ်ကြကာ မိဘ ကျောင်းသားဆရာတို့သာမက ကျန်းမာရေးနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာစသည့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးက အောင်မြင်မှုများ ရရှိလာစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်က နှစ်စဉ် ဩဂုတ်လ၏ ဒုတိယပတ်ကိုလည်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ်သတ်မှတ်၍ ပုံမှန်လုပ်ဆောင်နေသော ကျောင်းကျန်းမာရေးလုပ်ငန်းများအပြင် လှုပ်ရှားမှုပြပွဲ၊ ပြိုင်ပွဲများကို အားထည့်၊ အားဖြည့်ကာ ဂရုတစိုက် ဆောင်ရွက်စေလျက်ရှိပါသည်။

ဘဝတစ်ခု၏ ပထမနှစ်နှစ်ဆယ်ကာလ၊ ဦးနှောက်မှတ်ဉာဏ် သင်ကြားနာယူမှုအများဆုံးလုပ်ဆောင်နေရချိန်ဝယ် မှန်ကန်သော ချစ်ခြင်းမေတ္တာ၊ မှန်ကန်သော အသိပညာ၊ ပတ်ဝန်းကျင်၊ အမူအကျင့်၊ အလေ့အထများရရှိရေးသည် ဘဝတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အခြေခံပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အခက်အခဲများကို တည်ငြိမ်စွာ ပူးပေါင်းကျော်ဖြတ်နိုင်ရေးအတွက် လူသားတိုင်း၏ ဘဝပထမနှစ်နှစ်ဆယ်ကာလတွင် စာသင်ကျောင်းဟူသော ပတ်ဝန်းကျင်တွင် စနစ်တကျ နည်းလမ်းမှန်စွာ ပြုစုပျိုးထောင်နိုင်မှုက အရေးပါသော ကဏ္ဍမှပါဝင်နေပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း KG + 12 ပညာရေး အောင်မြင်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များအား အတန်းစုံတွင် စောင့်ရှောက်ပေးခြင်းအားဖြင့် မှန်ကန်သော ကျန်းမာရေးအမူအကျင့်များ ပြည်သူလူထုအတွင်းသို့ ပိုမိုရောက်ရှိကာ ကျန်းမာကြံ့ခိုင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည်ဟု ယုံကြည်စွာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ရှေ့နေရှေ့ရပ်များအတွက် AML/CFT/CPF သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၅**

ရှေ့နေရှေ့ရပ်များသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ကြိုတင်ကာကွယ်ရေးနှင့် သတင်းပို့တာဝန်ကို ဆောင်ရွက်ရမည့်သတင်းပို့အဖွဲ့အစည်းများဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနက ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ကြောင်း ယနေ့နံနက်ပိုင်းတွင် Hotel Max နေပြည်တော်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူးကျင်းပသည့် ရှေ့နေရှေ့ရပ်များအတွက် AML/CFT/ CPF သင်တန်းမှ သိရသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရှေ့နေရှေ့ရပ်များ အတွက် AML/CFT/ CPF သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက မြန်မာပြည်သူတို့၏ ဘဝလုံခြုံမှုရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားမဖြစ်စေရန် AML/ CFT/CPFကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ FATF (Financial Action Task Force) ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ AML/CFT အမျိုးသားအဆင့် မဟာဗျူဟာ ပထမသက်တမ်း (၂၀၁၉-၂၀၂၃) လွန်မြောက်၍ ဒုတိယသက်တမ်း (၂၀၂၄-၂၀၂၈) ကာလအတွင်း ရောက်ရှိအကောင်အထည်ဖော်လျက်ရှိကြောင်း။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး/ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး/ လူအများအပြား သေကျေစေသော လက်နက်ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအသစ် ပြဋ္ဌာန်းခဲ့ပြီးလည်းဖြစ်ကြောင်း ယခုသင်တန်းသည် ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည်မြင့်မားရေးကို ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရှေ့နေရှေ့ရပ်များအနေဖြင့် ဥပဒေက ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပေးပြောကြားခဲ့သည်။

သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၆ခုနှစ်) ၏ လုပ်ငန်းအစီအစဉ် ၂.၆.၂၊ ၃.၁.၁၊ ၃.၂.၂၊ ၃.၂.၄၊ ၃.၃.၂ တို့အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့် တရားသူကြီးများ၊ AML/CFT လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ သင်တန်းပို့ချမည့်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ရှေ့နေရှေ့ရပ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ဟိုက်ဒရာဘတ်မြို့တို့ရှိ ဒီဂျစ်တယ်အခြေခံနည်းပညာများနှင့်ရုပ်ရှင်ဖလင်များ ပြန်လည်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဩဂုတ်၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ဟိုက်ဒရာဘတ်မြို့တို့ရှိ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် ရုပ်ရှင်နှင့် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုနှင့် ရှေးဟောင်းရုပ်ရှင်ဖလင်များ၊ ဇာတ်ကားများကို ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှု၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။



**ဆွေးနွေး**

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၁၄ ရက်တွင် ချန်နိုင်းမြို့ရှိ Prasad Labs သို့ သွားရောက်ပြီး ရုပ်ရှင်ပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ရုပ်ရှင်ဖလင်နှင့် ရုပ်ရှင်ဇာတ်ကားများကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ပြုပြင်နေမှု၊ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံရှိ ရှေးဟောင်းရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်မော်ကွန်းတိုက်ရှိဖလင်များ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် နည်းပညာများပေးရန်ကိစ္စများနှင့် ရုပ်ရှင်နှင့် မီဒီယာ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန်ကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ဟိုက်ဒရာဘတ်မြို့ရှိ Prasad Labs ၏ Film Post Production၊ Prasad IMAX-Theatre and Mall တို့သို့ သွားရောက်၍ ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် စွန့်ပစ်ပစ္စည်းများမှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အသိပညာများအား မီဒီယာနည်းလမ်းများမှ တစ်ဆင့် ပညာပေးဆိုင်ရာကိစ္စများကို လှည့်လည်ကြည့်ရှု ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် Startup အဆောက်အအုံများထဲမှ နည်းပညာနှင့် စီးပွားရေးစင်တာဖြစ်သည့် T-Hub (Technology Hub) သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းအချက်အလက် နည်းပညာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၄ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ငြိမ်း၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငှက်ပျောပင်များကို စိုက်ပျိုးစဉ်။ ချစ်ဦးနွေ(မြင်းခြံ)

○ **မြိတ်မြို့မှ**

ထိုသို့ရောင်းချပေးရာတွင် ရက် ၉၀ စူပါဆန်၊ ဆီနှင့် ကြက်ဥတို့ကို သက်သာသောဈေးနှုန်းများဖြင့် မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဆန်ကုန်သည်အသင်းနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ ဈေးကားဖြင့် ရောင်းချပေးခြင်းဖြစ်ကာ တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သားနှင့် ကြက်ဥငါးလုံး ရောင်းချပေးခြင်းဖြစ်သည်။

ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များကို အပတ်စဉ်စနေနေ့တိုင်း ဈေးကားဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအား အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

✣ **ပြည်သူ့စစ်မှုထမ်းမှ**

သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဩဂုတ် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းကို ဆောင်ရွက်ကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြပြီး ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားလျှော့ချခြင်း၊ ပိတ်သိမ်းရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်း ထိခိုက်နိုင်

ရန်ကုန် ဩဂုတ် ၁၅

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားလျှော့ချခြင်း၊ ပိတ်သိမ်းရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်း ထိခိုက်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားနည်းစေနိုင်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ကနောင်ခန်းမ၌ ကျင်းပသည့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်း ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါအစည်းအဝေးကို လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ အစိုးရမှ ဆောင်ရွက်ပေးနေမှု၊ အလုပ်ရှင်များမှ လိုက်နာဆောင်ရွက်မှု၊ အလုပ်သမားများမှ လိုက်နာဆောင်ရွက်မှုနှင့် ခေတ်စနစ်နှင့်အညီ ပြုပြင်ဆောင်ရွက်သင့်သောအကြောင်းအရာများ၊ လုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသောအခက်အခဲများကို ပွင့်ပွင့်လင်းလင်းတိုင်ပင်ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမား၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များက အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လိုက်နာဆောင်ရွက်မှုအခြေအနေနှင့် စာချုပ်ချုပ်ဆိုရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စာချုပ်ပါလုပ်ငန်းခွင်စည်းကမ်းချက်များ၊ အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သာခုကန်စက်မှုဇုန် K Seng Apparel (Myanmar) Co.,Ltd. အထည်ချုပ်စက်ရုံရှိ အာမခံအလုပ်သမား ၁၀၀၈ ဦးတို့အား လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ်ဖြင့် လိုအပ်သည့် စစ်ဆေးကုသပေးမှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ၊ ECG စက်ဖြင့် နှလုံးစစ်ဆေးခြင်းနှင့် မျက်စိစစ်ဆေးမှုများ ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (OSH)ကော်မတီဝင်များ၊ အလုပ်သမားများနှင့်တွေ့ဆုံပြီး အလုပ်သမားရေးရာကိစ္စရပ်များ၊ ဥပဒေပါရပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများတွင် အာမခံအလုပ်သမားများအား ဆေးကုသစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသည့်အပြင် လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ်များဖြင့် ရုံးဌာနများ၊ စက်ရုံများသို့ သွားရောက်၍ အာမခံအလုပ်သမားများကို ဆေးကုသစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်တို့ကို ထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅





ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ဓာတုပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက်၊ စွန့်ပစ်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်နှင့် စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်တို့ကို ထုတ်ပေးလျက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးပညာရပ်ဆိုင်ရာအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) တွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၏ ပြောကြားချက်အရ သိရခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သုတေသနဌာနဝင်းအတွင်း၌ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနကို ၂၀၂၆ ခုနှစ် မတ် ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းများအနေဖြင့် ဓာတုပစ္စည်းစီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု သင်တန်းတို့ကို သက်ဆိုင်ရာ ဌာနများမှ သင်တန်းသား ၆၆ ဦးတို့အား သင်တန်း ပို့ချပေးခဲ့ကြောင်း၊ အလားတူ သင်တန်းများ ဆက်လက် ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် တက်ရောက် လာကြသူများက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင် ထုတ်ပေးရေး၊ ဓာတုပစ္စည်းစီမံခန့်ခွဲမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ဖျာပုံမြို့၌ မြို့တွင်းရေနုတ်မြောင်းများ တူးဖော်နေမှု ကြည့်ရှုစစ်ဆေး

ဖျာပုံ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ဖျာပုံမြို့ပေါ်ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်စေရေး၊ မြို့တွင်း/မြို့ပြင်ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့်တာဝန်ရှိသူများသည် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြသာယာပန်းခြံသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်း/ မြို့ပြင်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့တွင်းပင်မရေနုတ်မြောင်းဖြစ်သော ဒုတိယလမ်း ရေမြောင်းတူးဖော်ရှင်းလင်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



---

# မြဝတီမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ



မြဝတီ ဩဂုတ် ၁၅

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်း(ခွဲ) အောင်မြေရွှေဘုံကျောင်း၌ ယမန်နေ့က ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရတနာဝင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းသဲအိမ်သူထွဋ်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေပုဒ်မများ ၊ ကလေးသူငယ်များ၏ ပြစ်မှုကျူးလွန်မှုအပေါ် အသက်အရွယ်အလိုက် အရေးယူအပြစ်ပေးမှုဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြဝတီ)မှ ဒုတိယရဲမှူး သက်ဇော်ထွန်းက လူကုန်ကူးမှုအန္တရာယ်အမျိုးအစားများ၊ ဖြစ်ပွားရသည့်အကြောင်းအရင်းများနှင့် ဆောင်ရန်/ ရှောင်ရန်နည်းလမ်းများ၊ အမှတ်(၃၂)မူးယစ်တပ်ဖွဲ့စု (မြဝတီ)မှ ရဲအုပ်နိုင်အောင်ခိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် ကျန်းမာရေး၊ လူမှုရေးပြဿနာများ၊ ဆောင်ရန်/ရှောင်ရန်နည်းလမ်းများ၊ အမှတ် (၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး (မြဝတီ)မှ ရဲအုပ်ဝင်းနိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# လူငယ်စကားဝိုင်း ၂၀၂၆ သို့ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအပါအဝင် လူငယ် ၁၀၀၀ ကျော် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၅




မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အတွေးအမြင်၊ အတွေ့အကြုံများကို ဖော်ထုတ်မျှဝေဖလှယ်နိုင်ရန်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ခေါင်းဆောင်မှု၊ တီထွင်ဖန်တီးမှုနှင့် လူမှုရေးတာဝန်ယူမှုများကို မြှင့်တင်ပေးနိုင်ရန်နှင့် ပိုမိုစည်းလုံးညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်ရန်၊ ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးဖလှယ်ပြီး အတွေ့အကြုံ၊ အသိပညာ၊ အကြံဉာဏ်များကို အပြန်အလှန် မျှဝေနိုင်မည့် လူ့အဖွဲ့အစည်းအကျိုးပြု ဆွေးနွေးပွဲ ယဉ်ကျေးမှုတစ်ရပ် ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် "လူငယ်စကားဝိုင်း ၂၀၂၆"ကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအပါအဝင် လူငယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းကို ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းက ကျင်းပခြင်းဖြစ်ပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အတွေ့အကြုံရှိသည့် ခေါင်းဆောင်များ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည့် နည်းလမ်းများနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သင့်သည့် အကြောင်းအရာများကို လူငယ်များအနေဖြင့် လေ့လာသိရှိနိုင်မည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းက ယနေ့ စကားဝိုင်းသည် လူငယ်များ၏ ဗဟုသုတနှင့် အမြင်ကျယ်ပြန့်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ယနေ့ကာလသည် ကမ္ဘာ့နိုင်ငံများအနေဖြင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ၊ စီးပွားရေးပုံစံအသစ်များနှင့်အတူ အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာသလို စိန်ခေါ်မှုအသစ်များလည်း ရင်ဆိုင်နေရသည့် ကာလဖြစ်ကြောင်း၊ စိန်ခေါ်မှုကို ဖုံးကွယ် အခွင့်အလမ်းဟု ရှုမြင်သည့် ယနေ့ခေတ်လူငယ်များအနေဖြင့် သမားရိုးကျ ရိုးရာအလုပ်အကိုင်ပုံစံများမှ ကျော်လွန်ထိုးဖောက်သည့် စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများကို အသုံးချပြီး ကိုယ်ပိုင်ဆန်းသစ်တီထွင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အခမ်းအနားပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အသင်း၏လုပ်ငန်းဆောင်ရွက်ချက် ဗီဒီယိုကို ကြည့်ရှုအားပေးခဲ့ကြကာ လူငယ်စကားဝိုင်း ၂၀၂၆ ကို စတင်ဆွေးနွေးခဲ့ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ရန်ကုန်အဝေးသင်တက္ကသိုလ်(YUDE)နှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA)တို့ ပူးပေါင်းကျင်းပသည့် "Job – Ready Skills Workshop for Youth" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လူငယ်များ တစ်ဦးချင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အင်တာဗျူးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ဥပဒေအသိပညာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ လေ့လာ

နေပြည်တော် ဩဂုတ် ၁၅



ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (စည်ပင်ကြီး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီး ကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

# တန့်ယန်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၏ လျာထားချက်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

တန့်ယန်း ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ကာလတို၊ ကာလလတ်၊ ကာလရှည် လျာထားချက်များ ရေးဆွဲနိုင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီဝင်များ စီမံကိန်းကျေးရွာလျာထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းတို့က စီမံကိန်းကျေးရွာများ လျာထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**



# ဖိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် ဂိမ်းကစားပြိုင်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၅

ဗိုလ်တထောင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ် ၁၄ ရက်က ထခွဲအလက(၂)ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးပြောကြားသည်များမှ သိရှိလိုသည်များကို အသီးသီးမေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက မိမိတို့နှင့် သက်ဆိုင်သည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြပြီး လူငယ်စကားဝိုင်း ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ လေးဦးအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ ဆက်)**

# ဒီဂျစ်တယ်ထောင်ချောက် - ဆိုရှယ်မီဒီယာ၊ စွဲလမ်းစေသော အယ်လ်ဂိုရီသမ်နှင့် လူမှုရေးပြဿနာများ

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

**"အကယ်၍ သင်သည် ကုန်ပစ္စည်းတစ်ခုအတွက် ငွေပေးချေရန်မလိုပါက၊ သင်ကိုယ်တိုင်က ကုန်ပစ္စည်းဖြစ်နေခြင်းဖြစ်သည်" (If you are not paying for it, you're not the customer; you're the product being sold) ဟူသော ဆိုရိုးစကားတစ်ခုရှိပါသည်။**

ယနေ့ခေတ်တွင် ကျွန်ုပ်တို့ နေ့စဉ် အခမဲ့အသုံးပြုနေသော လူမှုကွန်ရက် ပလက်ဖောင်းများက ကျွန်ုပ်တို့ထံမှ ငွေကြေးတစ်ပြားတစ်ချပ်မျှ တောင်းခံခြင်းမရှိပါ။ သို့သော် ယင်းတို့သည် ကျွန်ုပ်တို့ထံမှ ငွေကြေးထက် ပိုမိုတန်ဖိုးရှိသော "အချိန်နှင့် အာရုံစိုက်မှု" ကို ရယူကာ ကြော်ငြာရှင်များထံ ပြန်လည်ရောင်းချနေကြပါသည်။ ဤသည်ကို နည်းပညာစီးပွားရေးလောကတွင် "အာရုံစိုက်မှု စီးပွားရေးစနစ်"ဟု ခေါ်ဆိုပြီး နောက်ကွယ်ရှိ ဉာဏ်ရည်တုအယ်လ်ဂိုရီသမ် (Algorithms) များက လူ့အဖွဲ့အစည်းကို စိတ်တိုင်းကျ ပုံဖော်နေခြင်းပင်ဖြစ်ပါသည်။

အမှန်စင်စစ် ဆိုရှယ်မီဒီယာများသည် ပထဝီတည်နေရာ အကန့်အသတ်များကို ကျော်လွှား၍ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုများကို ဖန်တီးပေးနိုင်ခြင်း၊ သတင်းအချက်အလက်များကို လျင်မြန်စွာ စီးဆင်းစေခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ပွင့်လန်းစေခြင်းစသည့် အပြုသဘောဆောင်သော ကောင်းကျိုးများကို ပေးစွမ်းလျက်ရှိသည်မှာ ငြင်းပယ်၍မရပါ။

သို့သော် ဤကောင်းကျိုးများနှင့်အတူ စီးပွားရေးပုံစံပြောင်းလဲမှုနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကိုပါ သယ်ဆောင်လာခဲ့ပြန်ပါသည်။ ရလဒ်အနေဖြင့် နည်းပညာလုပ်ငန်းများသည် အသုံးပြုသူတို့၏ အာရုံစိုက်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ရန် မဟာဗျူဟာမြောက် ကြိုးပမ်းလာကြပြီး ယင်းဖြစ်စဉ်က လူ့အဖွဲ့အစည်း၏ နေ့စဉ်ဓလေ့ထုံးတမ်းများနှင့် လူမှုဆက်ဆံရေးပုံစံများအပေါ် ကြီးမားသောသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။

### ဆိုရှယ်မီဒီယာနောက်ကွယ်မှ အယ်လ်ဂိုရီသမ်စနစ်

ဆိုရှယ်မီဒီယာပလက်ဖောင်းတစ်ခုသို့ အသုံးပြုသူတစ်ဦး ဝင်ရောက်လိုက်သည်နှင့်တစ်ပြိုင်နက် ဉာဏ်ရည်တုစနစ်က ၎င်း၏ ဒီဂျစ်တယ်ခြေရာ (Digital Footprints) များကို စတင်စောင့်ကြည့်ပါတော့သည်။ သင်သည် မည်သည့်ပို့စ်၊ မည်သည့်ဗီဒီယိုအမျိုးအစားပေါ်တွင် အချိန်မည်မျှကြာကြာ ရပ်ကြည့်မိသနည်း၊ မည်သည့်အကြောင်းအရာကို နှစ်သက် (Like) ပေး၊ မှတ်ချက် (Comment) ရေးပြီး မျှဝေ (Share) သနည်းဆိုသည့် အချက်အလက်များကို အယ်လ်ဂိုရီသမ်က စဉ်ဆက်မပြတ် မှတ်သားတွက်ချက်ပါသည်။

ထို့နောက် သင့်စိတ်ကြိုက်ဖြစ်စေမည့် အကြောင်းအရာများကိုသာ သင့်မျက်နှာပြင်ထက်သို့ တောက်လျှောက်ဖော်ပြ (Feeds) ခြင်းဖြင့် သင့်ကို ဖုန်းမျက်နှာပြင်မှ ဖယ်ခွာမသွားနိုင်အောင် ဖမ်းစားထားလိုက်ပါသည်။ ဤနေရာတွင် နည်းပညာသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ကိရိယာတစ်ခုမဟုတ်တော့ဘဲ လူသားတို့၏အာရုံစိုက်မှုကို နာရီပေါင်းများစွာ အမြတ်ထုတ်ယူမည့် စီးပွားရေးလက်နက်တစ်ခု ဖြစ်လာခဲ့ပါတော့သည်။

**"၅ မိနစ်လောက်တော့ ဖုန်းကြည့်လိုက်ဦးမယ်"** ဟုဆိုကာ နာရီများစွာ အချိန်ကုန်ဆုံးသွားတတ်ခြင်းသည် သင်၏ စိတ်ဓာတ်ပျော့ညံ့ခြင်းကြောင့်မဟုတ်ပါ။ ကမ္ဘာ့အဆင့်မြင့်ဆုံး စူပါကွန်ပျူတာများနှင့် ဉာဏ်ရည်တု အယ်လ်ဂိုရီသမ် (Algorithms)များက သင့်ကို ဖုန်းမျက်နှာပြင်မှ ဖယ်ခွာခြင်းမပြုနိုင်အောင် လျှို့ဝှက်ဖန်တီးထားခြင်းကြောင့်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည် "ဒီဂျစ်တယ်ထောင်ချောက်" အတွင်းသို့ သက်ဆင်းမိနေကြခြင်းဖြစ်ပါသည်။

### ဒိုပါမင်းထောင်ချောက်နှင့် အဆုံးမရှိသောစာမျက်နှာ

ဆိုရှယ်မီဒီယာလုပ်ငန်းစုကြီးများ၏ အဓိကရည်မှန်းချက်မှာ အသုံးပြုသူများအား ယင်းတို့၏ ပလက်ဖောင်းပေါ်တွင် အချိန်အကြာဆုံးဆွဲထားဖို့ ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်အောင်မြင်ရန်အတွက် လူသားတို့၏ စိတ်ပညာဆိုင်ရာ အားနည်းချက်များကို ရှာဖွေကာ အယ်လ်ဂိုရီသမ်နည်းပညာများနှင့်ပေါင်းစပ်၍ မဟာဗျူဟာမြောက် ဖန်တီးထားကြပါသည်။ ၎င်းတို့အဓိကအသုံးချသည့်စနစ်မှာ "ဒိုပါမင်း ထောင်ချောက်" (Dopamine Loop) ဟု ခေါ် ဆိုသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုဖြစ်စဉ်ပင်ဖြစ်ပါသည်။

အသုံးပြုသူက ဖုန်းမျက်နှာပြင်ကို အောက်သို့ဆွဲချ၍ အချက်အလက်များကို အသစ်လဲလှယ်(Refresh) လိုက်သည့်အခါတိုင်း ထူးခြားဆန်းသစ်သော ဗီဒီယိုများနှင့် ပို့စ်များကို မြင်တွေ့ရခြင်းသည် ကာစီနိုလောင်းကစားရုံရှိ စလော့စက် (Slot Machine) ကို ဆွဲလိုက်သည့်အခါ ကြုံတွေ့ရသည့် ရလဒ်မရေရာသော စိတ်လှုပ်ရှားမှုမျိုးကို ပေးစွမ်းစေပါသည်။ အဆိုပါ လှုံ့ဆော်မှုကြောင့် လူသားတို့၏ ဦးနှောက်အတွင်း သာယာပျော်ရွှင်မှုကို ဖြစ်ပေါ်စေသည့် "ဒိုပါမင်း" ဟော်မုန်းဓာတ်ထွက်လာပြီး နောက်ထပ်အကြောင်းအရာအသစ်များကို အဆုံးမရှိ ဆက်လက်ကြည့်ရှုလိုသည့် စွဲလမ်းမှုသံသရာကို သတိမထားမိဘဲ ဖြစ်ပေါ်စေပါသည်။

ထို့ပြင် "အဆုံးမရှိသော စာမျက်နှာ" စနစ်ကလည်း လူကိုအချိန်ကုန်မှန်းမသိအောင် ထိန်းချုပ်ထားပြန်ပါသည်။ စာမျက်နှာတစ်ခုသည် အဆုံးသတ်သည်ဟူ၍မရှိတော့ဘဲ အောက်သို့ဆွဲချလေလေ ပို့စ်များ ဆက်တိုက်တက်လာလေလေဖြစ်စေရန် စနစ်တကျပြုလုပ်ထားခြင်းကြောင့် အသုံးပြုသူ၏ဦးနှောက်ကို **"ရပ်နားရန် သတိပေးချက်"** မရရှိအောင် တားဆီးထားခြင်းဖြစ်ပါသည်။

### လူချင်းတွေ့သော်လည်း ဝေးကွာနေသည့် လူ့အဖွဲ့အစည်း

အဆိုပါ နည်းပညာဆိုင်ရာ တည်ဆောက်ပုံဒီဇိုင်းများကြောင့် လူမှုပတ်ဝန်းကျင်တွင် **"အတူရှိသော်လည်း တစ်ယောက်တည်း"** (Alone Together) ဟူသော ဖြစ်စဉ်သစ်တစ်ခု ပေါ်ပေါက်လာပါသည်။ မိသားစုထမင်းဝိုင်းများ၊ မိတ်ဆွေသူငယ်ချင်းများဆုံတွေ့ကြသည့် လက်ဖက်ရည်ဆိုင်များတွင် လူချင်းဆုံတွေ့နေကြသော်လည်း ဖုန်းမျက်နှာပြင်များကိုသာ ကိုယ်စီစူးစိုက်ကြည့်နေကြသဖြင့် ရုပ်ပိုင်းဆိုင်ရာအရ နီးကပ်နေသော်လည်း စိတ်ပိုင်းဆိုင်ရာအရ ကမ္ဘာခြားနေကြရခြင်းဖြစ်ပါသည်။

ထို့အပြင် အပေါ်ယံအလှအပနှင့် ကြွားဝါမှုများကိုသာ ဦးစားပေးပြသသည့် ဆိုရှယ်မီဒီယာစံနှုန်းများကြောင့် လူ့အဖွဲ့အစည်းအတွင်း လက်တွေ့မကျသော ပြိုင်ဆိုင်မှုများ မြင့်မားလာစေပြန်ပါသည်။ မိမိဘဝ၏ သာမန်ရိုးရှင်းသော အစိတ်အပိုင်းများကို အွန်လိုင်းပေါ်မှ သူတစ်ပါး၏ စိတ်ကြိုက်ဖန်တီးထားသော အကောင်းဆုံးပုံရိပ်များနှင့် နှိုင်းယှဉ်ကာ လူမှုရေးအရ သိမ်ငယ်စိတ်ဝင်လာခြင်း၊ အရာရာတွင် စောင့်ကြည့်သူ Followers အရေအတွက်၊ Likes နှင့် Shares အရေအတွက်များပေါ်မူတည်၍ လူတစ်ယောက်၏တန်ဖိုးကို အကဲဖြတ်လာခြင်းကဲ့သို့သော **"လူမှုစံနှုန်း အလွဲများ"**ကို ဖြစ်ပေါ်လာစေပါသည်။

### Echo Chamber နှင့် အတွေးအခေါ် အုပ်စုကွဲခြင်း

အယ်လ်ဂိုရီသမ်များ၏ အန္တရာယ်ရှိသော လူမှုရေးဆိုးကျိုးတစ်ခုမှာ **"အမြင်တူသူများသာ စုဝေးရာအခန်း"** (Echo Chamber) ကို ဖန်တီးလိုက်ခြင်းဖြစ်သည်။ အယ်လ်ဂိုရီသမ်သည် သင့်အား သင်သဘောကျသည့်အမြင်၊ သင်ထောက်ခံသည့် အယူအဆများကိုသာ ထပ်ကာတလဲလဲပြသပေးလေ့ရှိပါသည်။ ရလဒ်အနေဖြင့် မိမိနှင့်မတူကွဲပြားသော ဆန့်ကျင်ဘက်အမြင်များကို မြင်တွေ့ခွင့်မရတော့ဘဲ မိမိတွေးတောယုံကြည်နေသည်သာလျှင် အမှန်တရားဖြစ်သည်ဟု ယူဆလာတတ်ခြင်းဖြစ်ပါသည်။ ဤဖြစ်စဉ်သည် လူ့အဖွဲ့အစည်းအတွင်း နားလည်ခွင့်လွှတ်မှုအားနည်းစေပြီး အုပ်စုစွဲစိတ်ကြီးမားခြင်းဆီသို့ ဦးတည်သွားစေပါသည်။

ပို၍စိုးရိမ်စရာကောင်းသည်မှာ နည်းပညာကုမ္ပဏီများ၏ ဆိုရှယ်မီဒီယာ အယ်လ်ဂိုရီသမ်များက အေးချမ်းတည်ငြိမ်သောပို့စ်များထက် ဒေါသထွက်စေမည့်၊ အငြင်းပွားစရာဖြစ်စေသည့် အကြောင်းအရာများကို ပိုမိုလျင်မြန်စွာ ဖြန့်ဝေပေးတတ်သည့်သဘောရှိခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုရှယ်မီဒီယာ အယ်လ်ဂိုရီသမ်များသည် ဒေါသထွက်စရာ သို့မဟုတ် အငြင်းပွားစရာ အကြောင်းအရာများကို မြင်တွေ့ရလျှင် ပိုမိုစိတ်ဝင်တစားဖြင့် အချိန်ပေးကာ အပြန်အလှန် တုံ့ပြန်ငြင်းခုံတတ်ကြသည့် လူသားတို့၏ စိတ်ခံစားမှုသဘောသဘာဝကို စီးပွားရေးဗျူဟာမြောက် အသုံးချထားသောကြောင့်ဖြစ်ပါသည်။ ဤဖြစ်စဉ်သည် လူ့အဖွဲ့အစည်းအတွင်း နားလည်ခွင့်လွှတ်မှုအားနည်းစေပြီး အုပ်စုနှစ်စု (သို့မဟုတ်) အုပ်စုအများအပြား ကွဲပြားသွားစေသည့် "လူမှုရေးအရ စိတ်ဝမ်းကွဲမှု" ကို ဖြစ်ပေါ်စေပါသည်။

> **ဆိုရှယ်မီဒီယာ လုပ်ငန်းစုကြီးများ၏ အဓိကရည်မှန်းချက်မှာ အသုံးပြုသူများအား ယင်းတို့၏ ပလက်ဖောင်းပေါ်တွင် အချိန်အကြာဆုံး ဆွဲထားဖို့ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်အောင်မြင်ရန် အတွက် လူသားတို့၏ စိတ်ပညာဆိုင်ရာ အားနည်းချက်များကိုရှာဖွေကာ အယ်လ်ဂိုရီသမ်နည်းပညာများနှင့် ပေါင်းစပ်၍ မဟာဗျူဟာမြောက် ဖန်တီးထားကြပါသည်။ ၎င်းတို့အဓိကအသုံးချသည့်စနစ်မှာ "ဒိုပါမင်း ထောင်ချောက်"** (Dopamine Loop) **ဟု ခေါ်ဆိုသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုဖြစ်စဉ်ပင်ဖြစ်**

### လူမှုအဖွဲ့အစည်းအတွက် အဖြေရှာခြင်းနှင့် စုပေါင်းတုံ့ပြန်မှု

မျက်မှောက်ခေတ် လူမှုစီးပွားစနစ်အတွင်း နည်းပညာကို လုံးဝမသုံးစွဲဘဲ လွဲရှောင်နေထိုင်ရန်မှာ မဖြစ်နိုင်သလောက် ခက်ခဲလှပါသည်။ သို့သော် နည်းပညာ၏ လွှမ်းမိုးချုပ်ကိုင်မှုကိုမခံရဘဲ မိမိက ပြန်လည်ထိန်းချုပ်နိုင်သူဖြစ်လာစေရန်အတွက် **"ဒီဂျစ်တယ် အဆိပ်အတောက် ဖြေဖျောက်ခြင်း"** (Digital Detox) လူမှုအလေ့အထကို လက်တွေ့ကျကျ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့အတွက် အောက်ပါအချက်များကို အခြေခံ၍ လူမှုစည်းကမ်းများ ချမှတ်နိုင်ပါသည် -

(က) **အသိပေးချက် (Notifications) များ ပိတ်ထားခြင်း ။** ဖုန်းမှ တုန်ခါခြင်း သို့မဟုတ် အသံမြည်ခြင်းများ ဖြစ်ပေါ်လာတိုင်း အသုံးပြုသူ၏ အာရုံစူးစိုက်မှုကို ပြတ်တောက်စေပြီး အွန်လိုင်းစွဲလမ်းမှုသံသရာကို ပြန်လည်စတင်စေပါသည်။ ထို့ကြောင့် အရေးမကြီးသော ဆိုရှယ်မီဒီယာအသိပေးချက်များကို ကြိုတင်ပိတ်ထားခြင်းဖြင့် ဖုန်းမျက်နှာပြင်သို့ ခဏခဏကြည့်မိသည့် အလေ့အထကို လျှော့ချနိုင်ပါသည်။

(ခ) **အသုံးပြုချိန် ကန့်သတ်ခြင်း။** ဖုန်းအတွင်းရှိ စနစ်ပြင်ဆင်မှု (Settings) များမှတစ်ဆင့် တစ်နေ့တာအတွင်း ဆိုရှယ်မီဒီယာ အက်ပလီကေးရှင်းတစ်ခုချင်းစီကို အချိန်မည်မျှသာအသုံးပြုမည် ဟူသော ကန့်သတ်ချက်များကို စနစ်တကျထည့်သွင်းသတ်မှတ်ထားနိုင်ပါသည်။ ဤနည်းလမ်းသည် အချိန်ကုန်မှန်းမသိဘဲ အဆုံးမရှိ ဖုန်းပွတ်နေခြင်းကို နည်းပညာအရ ကန့်သတ်ထိန်းချုပ်ပေးခြင်းဖြစ်ပါသည်။

(ဂ) **အိပ်ခန်းအတွင်း ဖုန်းအသုံးပြုမှုကို တားမြစ်ခြင်း ။** ညအိပ်ခါနီးအချိန်တွင် ဖုန်းမျက်နှာပြင်များကို ကြည့်ရှုခြင်းသည် ကာယကံရှင်၏ ကောင်းမွန်စွာအိပ်စက်အနားယူနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး လူမှုဘဝစိတ်ဖိစီးမှုများကို ပိုမိုမြင့်မားစေပါသည်။ ထို့ကြောင့် အိပ်ရာမဝင်မီ အနည်းဆုံးနာရီဝက်အလိုကတည်းက ဖုန်းနှင့် ဒီဂျစ်တယ်ပစ္စည်းများကို အိပ်ခန်းနှင့်ဝေးရာတွင် ထားရှိသည့်အလေ့အကျင့်ကို ပျိုးထောင်သင့်ပါသည်။

တစ်ဦးချင်းစီ၏ ကြိုးစားမှုအပြင်၊ ပညာရေးအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ဒီဂျစ်တယ်ခေတ်၏ စီးပွားရေးထောင်ချောက်နှင့် ဆိုရှယ်မီဒီယာအယ်လ်ဂိုရီသမ်များ၏ အလုပ်လုပ်ပုံကို ပြည်သူများ သိရှိနားလည်အောင် သင်ကြားပြသပေးသည့် "မီဒီယာအသိပညာ" မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် **"ဆိုရှယ်မီဒီယာ အယ်လ်ဂိုရီသမ်"** ဆိုသည်မှာ လူသားတို့၏ စိတ်ပညာဆိုင်ရာ အားနည်းချက်များကို ရှာဖွေအသုံးချကာ စီးပွားရေးအကျိုးအမြတ်အတွက် ရည်ရွယ်ချက်ရှိရှိ ပုံစံထုတ်တည်ဆောက်ထားသော နည်းပညာစနစ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် နည်းပညာဆိုင်ရာ စီးပွားရေးဗျူဟာများကို သတိပြုမိရန်လိုအပ်ပြီး ဆိုရှယ်မီဒီယာအယ်လ်ဂိုရီသမ်များနောက်သို့ အသိသတိမဲ့စွာဖြင့် လိုက်ပါမသွားဘဲ လက်တွေ့ဘဝလူမှုဆက်ဆံရေးများနှင့် စစ်မှန်သော လူသားချင်းမျက်နှာချင်းဆိုင်ဆက်ဆံရေးကို တန်ဖိုးထားထိန်းသိမ်းကြရမည် ဖြစ်ပါသည်။ နည်းပညာကို ဘဝတိုးတက်ရာ တိုးတက်ကြောင်း ကိရိယာတစ်ခုအဖြစ်သာသုံးစွဲပြီး မိမိတို့၏အဖိုးတန်လှသောအချိန်နှင့် လူမှုဘဝများကို အဆုံးရှုံးမခံဘဲ အသိစိတ်ဖြင့် ပြန်လည်ရယူထိန်းကျောင်းကြရမည်ဖြစ်ပါသည်။ ။

**ကိုးကား -**

- *The age of surveillance capitalism: The fight for a human future at the new frontier of power*, Shoshana Zuboff, Harvard Business School, 2019.
- *The attention merchants: The epic scramble to get inside our heads*, Tim Wu, Columbia Law School, 2016.
- *Reclaiming conversation: The power of talk in a digital age, Sherry Turkle*, Penguin Press, 2015.
- *Antisocial media: How Facebook disconnects us and undermines democracy*, Siva Vaidhyanathan, Oxford University Press, 2018.
- *Digital minimalism: Choosing a focused life in a noisy world*, Cal Newport, Portfolio/Penguin, 2019.

# ကျောင်းနေအရွယ် ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများကို ကျင့်သုံးနေထိုင်သွားရန် လိုအပ်




ဟားခါး ဩဂုတ် ၁၅

ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ် ငယ်ရွယ်စဉ် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများကို ကျင့်သုံးနေထိုင်သွားရန် လိုအပ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယမန်နေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် မှာကြားသည်။

ထို့ပြင် ပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများရရှိစေရန်အတွက် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်ကို သင်ကြားပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ ကျင့်သုံးစွဲမြဲရန် သင်ကြားပေးခြင်း၊ သန်ချဆေး တိုက်ကျွေးခြင်းနှင့် သံဓာတ်ဆေးပြား တစ်ပတ်လျှင် နှစ်ကြိမ် တိုက်ကျွေးခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းနှင့် မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား တစ်နှစ်လျှင် နှစ်ကြိမ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းကျန်းမာရေး လုပ်ငန်းထူးချွန်ဆုရရှိသည့် ကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များ၊ "တစ်ကိုယ်ရေ သန့်ရှင်းရေး လေ့ကျင့်စဉ်"ဖြင့် သရုပ်ပြမှုနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု ပြခန်းတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်

ပြင်ဦးလွင် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ခရိုင်/မြို့နယ်အခြေခံပညာဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၄ ရက်တွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းကျန်းမာရေးပြခန်းငယ်များ ပြသခြင်း၊ ကျောင်းသား ကျောင်းသူများက အာဟာရအုပ်စုများ ခင်းကျင်းပြသယှဉ်ပြိုင်ခြင်းနှင့် တန်ဖိုးနည်းအာဟာရပြည့်ဝမျှတသော မြန်မာ့ရိုးရာ နံနက်ခင်းအစားအစာချက်ပြုတ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေး ပညာပေးဟောပြောခြင်း၊ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်



မင်းဘူး ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေး အသိညာပေးခြင်း လုပ်ငန်းများကို ဩဂုတ် ၁၄ ရက်တွင် ဆင်ခေါင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ အထူးကုဆရာဝန်ကြီးများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းကျန်းမာရေး အတွက် တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် လူနေမှုဘဝပုံစံ၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ စီးကရက်များအကြောင်းကို ကျောင်းသား ကျောင်းသူများ သိရှိနားလည်နိုင်စေရန် အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြဝင်းက အနီးကပ်ကြီးကြပ်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်၊ သွားနှင့်ခံတွင်းဆရာဝန်များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေး စစ်ဆေးခြင်း၊ မျက်စိကျန်းမာရေး စစ်ဆေးခြင်းနှင့် မျက်မှန်များ ပေးအပ်ခြင်း၊ အရေပြားစစ်ဆေးခြင်းနှင့် အထွေထွေကျန်းမာရေး စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ရမည်းသင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

ရမည်းသင်း ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၄ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာပြည့်စုံဝင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား အာဟာရဖြည့်စွက်စာများတိုက်ကျွေးခြင်း၊ သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ဗီတာမင်(အေ) ဆေးလုံးများ တိုက်ကျွေးခြင်းဖြင့် ကလေးသူငယ်များအား ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေရန်အတွက် တိုက်ကျွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးငယ်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီဝင်းနှင့် အဖွဲ့ဝင်များက အာဟာရဖြည့်စွက်စာများ တိုက်ကျွေးခြင်း၊ သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ဗီတာမင်(အေ) ဆေးလုံးများ တိုက်ကျွေးခဲ့ကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်မြို့နယ် လူမှုဖူလုံရေးရုံး၌ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

ပြည် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာစူးတက်ကုမ္ပဏီလီမိတက် (နဝဒေးသကြားစက်) မှ အာမခံအလုပ်သမား ဦးစန်းလွင်၏ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ခွင့်ပြုငွေထုတ်ပေးခြင်းကို ဩဂုတ် ၁၄ ရက်က နဝဒေးသကြားစက်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်လူမှုဖူလုံရေးရုံးမှ မြို့နယ်တာဝန်ခံအရာရှိ ဒေါ်ဝေဝေအောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေပါ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၃၄၁၅၂၀ ကို အာမခံအလုပ်သမား ဦးစန်းလွင်ထံသို့ ပေါင်းစပ်အဖွဲ့နှင့် အလုပ်ဌာနတာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ပခုက္ကူမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

ပခုက္ကူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ နယ်မြေခံတပ်နယ်မှ တပ်မမှူး ဗိုလ်မှူးချုပ် သန့်လွင်စိုးနှင့် တပ်မတော်အရာရှိများသည် ဩဂုတ် ၁၄ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ရေဝင်ရောက်မှုကြောင့် သီဟိုဠ်ရှင်ဘုရားဝင်းရှိ ကဇာတ်ရုံခန်းမ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အရေးပေါ်သုံးပစ္စည်းများ စီစဉ်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ် သန့်လွင်စိုးနှင့်ဇနီးတို့က ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀ သိန်း၊ ခေါက်ဆွဲခြောက်ထုပ် ၂၅၀၀ နှင့် သောက်ရေသန့်ဘူး ၆၀၀ တို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၁၅

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်း ရေတိုက်စားခြင်းအား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လက်ပံတန်းမြို့နှင့် မိုးညိုမြို့တို့ကို ရေဘေးကာကွယ်ပေးထားသည့် ဧရာဝတီမြစ်အရှေ့ဘက်ရှိ ရေဘေးကာကွယ်ရေးတာများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင်ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင် ၉/၀၃ ကမ်းရင်းတာကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်ခဲ့ရာ ကာကွယ်နေမှုအခြေအနေနှင့် ပန်းတာ တာကြံ့ခိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများသည် သက်တမ်းကြာမြင့်သည့် မြေသားတာပေါင်များဖြစ်ခြင်း၊ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခြင်းတို့ကြောင့် တာများ၏ကြံ့ခိုင်မှုကိုရေကင်းများထားရှိ၍ စဉ်ဆက်မပြတ်စောင့်ကြည့်ရန်၊ တာပြင်ဆင်ရန်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန် မှာကြားသည်။

အလားတူ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေးပိုင်းဝန်ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားပြီး ထောက်ပံ့ပစ္စည်း၊ နေ့လယ်စာထမင်းဘူး၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စာနီစုရေဘေးကာကွယ်ရေး ပန်းတာကြံ့ခိုင်မှု ဆောင်ရွက်နေကြသောဌာနဆိုင်ရာများ၊ ဒေသခံလုပ်အားပေးများအတွက် ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မကွေးမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

မကွေး ဩဂုတ် ၁၅

ဧရာဝတီမြစ် ရေဝင်ရောက်မှုများကြောင့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေး စခန်းများသို့ ပြောင်းရွှေ့ နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် မကွေးမြို့နယ် မြေနုကျေးရွာအုပ်စု မြေနုကျေးရွာသို့သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၁၄၄ စု အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ကြက်ဥ ၁၀ လုံးနှင့် ရေသန့် ၁ လီတာ တစ်ကတ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၉ သိန်းကျော်အား လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရေဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၅၅၀ အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၇ သိန်းကျော်ကိုလည်းကောင်း ရေဘေးရှောင်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ မကွေးတိုင်းအားကစားကွင်း၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ရေနံမြေသခင်ဖိုးလှကြီးဒိုင်းအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ကသစ်မြေ (မြို့သစ် - FC) ဘောလုံးအသင်းနှင့် မင်္ဂလာပါ (ပြည် - FC) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ဆုရရှိသည့် ဘောလုံးအသင်းများအား တစ်ဦးချင်းဆု ဆွဲပြား၊ ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



## မြန်အောင်တာ တာမိုင် ၆/၇ - ၇/၀ အတွင်း စွန့်ပစ်တာအနီး ကမ်းပြိုကမ်းစား လျော့ပါးသက်သာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

မြန်အောင်မြို့နယ်ရှိ မြန်အောင်တာ တာမိုင် ၆/၇ - ၇/၀ အတွင်း စွန့်ပစ်တာအနီး ကမ်းပြိုကမ်းစား လျော့ပါးသက်သာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေကင်းစခန်းတွင် အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ ပန်းတာ ကြံ့ခိုင်မှုအခြေအနေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာတမံထိခိုက်စေနိုင်သည့်အချက်များ တွေ့ရှိပါက အချိန်မီကာကွယ်နိုင်ရေး လုပ်ငန်းစဉ်များ၊ သတိပြုရမည့်အချက်များ၊ ဆောင်ရွက်ရန်လိုအပ်ချက်များ၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး၊ ထပ်မံလိုအပ်ပါက ရေလမ်း၊ ကုန်းလမ်းမှ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါ ထိရောက်လျင်မြန်စွာ တုံ့ပြန်ကာကွယ်နိုင်ရေး ကျေးရွာများတွင် ရေဘေးကာကွယ်ရေး အရေးပေါ်ဆောင်ရွက်မှုများကို ဇာတ်တိုက်လေ့ကျင့်ခြင်းများ ချက်ချင်းလုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် တာဝန်ရှိသူများ၊ ဒေသခံမြို့မမြို့ဖများနှင့်တွေ့ဆုံပြီး ဒေသနေပြည်သူများကိုယ်တိုင် ပါဝင်သော အရပ်ရေကင်းစခန်းများနှင့် ဌာန၏ ရေကင်းစခန်းများ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နေမှု၊ တာတမံ ကြံ့ခိုင်မှု၊ မိုးကာလရေကင်းတာဝန်ချလှည့်လည်ဇယားများ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ခနုဖြူမြို့နယ်အတွင်း တာမိုင်(၄၃/၃)ရှိ အလမျိုး ရေကင်းစခန်း မြို့မဒေသစိတ်၊ တာမိုင်(၄၆/၃)ရှိ မရမ်းချောင်း ရေကင်းစခန်း မြို့မဒေသစိတ်၊ ညောင်တုန်းမြို့နယ်အတွင်း တာမိုင်(၆၇/၄)ရှိ ကြိမ်ပင်ဆယ်ရေကင်းစခန်း စက္ကော့ဒေသစိတ်နှင့် ညောင်တုန်းကျွန်းတာ တာမိုင်(၂၄/၁)ရှိ ဝါးတောရေကင်းစခန်း၊ မအူပင်မြို့နယ် မအူပင်ကျွန်းတာ (တောင်ပိုင်းတာ) တာမိုင်(၇/၀)ရှိ မင်းဘောရေတံခါး ကြံ့ခိုင်မှု၊ ရေဝင်ရေထွက် အခြေအနေနှင့် ကျိုက်လတ်မြို့နယ် လတာကြီးကျေးရွာအနီး တာမိုင်(၁၈/၀) ကမ်းပြိုကမ်းစားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ညောင်ဦးမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်း

ညောင်ဦး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် ညနေ ၄ နာရီက ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းပို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတို့က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ဒီပါလင်း



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပဲခူးမြို့၌ အာဟာရဖြည့်စွက်စားငှက်ပျောပင် စိုက်ပျိုး

ပဲခူး ဩဂုတ် ၁၅

ပဲခူးမြို့ ဥဿာမြို့သစ် အမှတ်(၄)ရပ်ကွက် အထက(၅)၌ ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

စိုက်ပျိုးပွဲသို့ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက ငှက်ပျောပင် (ဖီးကြမ်း၊ သီးမွှေး) စုစုပေါင်း ၆၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ငှက်ပျောပင်များကို စိုက်ပျိုးပြုစုခြင်းဖြင့် ကျောင်းတွင်း အာဟာရဖြည့်စွက်စာများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# မုံရွာမြို့ နန္ဒဝန်အိမ်ရာ၌ လေးခန်းတွဲ လေးထပ် အဆောက်အအုံသစ် တည်ဆောက်သွားမည်



မုံရွာ ဩဂုတ် ၁၅

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မုံရွာမြို့ မြို့ပြနှင့်အိမ်ရာဦးစီးဌာန နန္ဒဝန်အိမ်ရာအတွင်း လေးခန်းတွဲ လေးထပ်အဆောက်အအုံသစ် တည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့ တည်ဆောက်မည့်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး သွားရောက် ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လေးခန်းတွဲ လေးထပ် အဆောက်အအုံသစ်နှင့် ဝန်ထမ်းအိမ်ရာ လေးလုံး ဆောက်လုပ်မည့် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ၊ အရည်အသွေး ကောင်းမွန်စွာ တည်ဆောက်ရေး မှာကြားသည်။

ဆက်လက်၍ မုံရွာစီးပွားရေး တက္ကသိုလ်ကျောင်းဝင်း အတွင်း ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ပြီး ရတနာတန်ဝင် အပင်နှင့် အရိပ်ရလေကာပင် သစ်မျိုး ကိုးမျိုး စုစုပေါင်း အပင် ၇၂၀ ကို စုပေါင်းစိုက်ပျိုးကြကာ ဌာနဆိုင်ရာများ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# ဖလမ်းမြို့ ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများ ရှင်းလင်းဖယ်ရှား

ဖလမ်း ဩဂုတ် ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ရှိ ဗလိုင်ရပ်ကွက် ဗဟိုကျောင်းလမ်း တစ်လျှောက်ရှိ အကြမ်းဖက် လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများကို ယနေ့တွင် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ စုပေါင်းလုပ်အား ပေးအင်အား ၂၅၂ ဦးအား မုန့်နှင့် အချိုရည်များ ပေးဝေကြသည်။

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်း အဆောက်အအုံအပျက် အစီးများနှင့် ချုံနွယ်များကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်း ဖယ်ရှားနေမှုနှင့် ကျောင်း အဆောက်အအုံ အကြီးစားပြုပြင် ရန်လိုအပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဆူရ်ဟုန်လေဆိပ်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် လေဆိပ်အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် လေယာဉ်ပြေးလမ်း အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူ များ စုပေါင်း၍ မြို့မရပ်ကွက်၊ အထက(ခွဲ) ကျောင်းလမ်းနှင့် ချယ်ရီလမ်းတစ်လျှောက် သန့်ရှင်း ရေးဆောင်ရွက်မှု၊ မြို့မရပ်ကွက် အစ်နား(Itna) ရေထွက်အနီး ဝန်းကျင်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းမှု၊ ကမ်ဟောက်လမ်းမကြီးဘေးတွင် မြို့နယ်လမ်းဦးစီး ဌာနမှ မြေထိန်းနံရံ တည်ဆောက် နေမှုတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီ အတွင်းရေးမှူးသည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ဒေသခံပြည်သူများ က လေးဆန်ရပ်ကွက်နှင့် ခေါ်ဂုန် ရပ်ကွက်တို့တွင် စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်နေမှုကိုသွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ သတင်းစဉ်

# မြိတ်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး

မြိတ် ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိပြီး သတိပြုရှောင်ရှား ကာကွယ်တတ်စေရန်အတွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အလက(၁) ခရေဆောင်ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးသောင်းထွေးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုဥက္ကဋ္ဌ ဦးစိုးဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားလာနိုင်သော ဆိုးကျိုးများအကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၃၅) မူးယစ်တပ်ဖွဲ့စု(မြိတ်)မှ ဒုတိယရဲမှူး အောင်နိုင်ဝင်းနှင့် မြိတ်မြို့မရဲတပ်ဖွဲ့စခန်း ခေတ္တစခန်းမှူး ရဲအုပ် သက်ပိုင်မှူးတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်နွှယ်ပါက ဥပဒေကြောင်းအရလည်းကောင်း၊ လူမှုပတ်ဝန်းကျင်၌လည်းကောင်း ဖြစ်ပွားလာနိုင်သည့် ဆိုးကျိုးများအကြောင်း ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ နိုင်ထူး(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ်၌ မြရတနာရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မြရတနာ ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်အတွက် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးနှင့် အမှု ဆောင်ရွေးချယ်ပွဲကို ယမန်နေ့ တွင် မြို့နယ်သမဝါယမအသင်းစု ရုံး၌ ပြုလုပ်သည်။



ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများ ကို အသင်းသူ ဒေါ်ခင်အုန်းမြင့်က ဖတ်ကြားတင်ပြပြီး အသင်းသား များ၏ အတည်ပြုချက်များ ရယူ ကာ အမှုဆောင်ရွေးချယ်ခဲ့ကြောင်း သိရသည်။ သက်လွင်စိုး(ပြန်/ဆက်)

# မြောင်းမြမြို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

မြောင်းမြ ဩဂုတ် ၁၅

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ များက ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၁၄ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပဆင-ဝနီးချောင်း ဆက်သွယ် သည့်လမ်း (၀/၃)မိုင်ရှိပြီး လုပ်ငန်း ဆောင်ရွက်နေမှုများကို စီမံကိန်း စစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



ဇေယျာ(ပြန်/ဆက်)

## ဟင်္သာတတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုသိမ် ဩဂုတ် ၁၅

ဟင်္သာတမြို့ရှိ ဟင်္သာတတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ဌာနဆိုင်ရာများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။




ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း၊ PEC Private School (Pathein) တို့က လှူဒါန်းသည့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာရှင်အလှူရှင်များက စုစုပေါင်း ဆန်အိတ် ၅၀၀ လှူဒါန်းမှုကို လည်းကောင်း တက်ရောက်လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ပြန်လည်ပေးအပ်

ထို့အတူ Aung Oo Thar ကုမ္ပဏီလီမိတက်နှင့် GD Good Golden ထရေးဒင်းကုမ္ပဏီလီမိတက်တို့မှ ဧရာဝတီတိုင်းဒေသကြီး အရောင်းကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းသည့် စားအုန်းဆီ ၅၀ ကျပ်သားဘူး ၅၀၀၀၊ Than Thar ကုမ္ပဏီလီမိတက်က လှူဒါန်းသည့် စားအုန်းဆီ ၅၀ ကျပ်သားဘူး ၄၅၀၀ တို့ကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ခရီးစဉ်အတွင်း မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် မြန်အောင်တာ အရှေ့ဘက်ရှိ ဆည်မြောင်း ကမ်းနားတာ (တာဟောင်း) ကမ်းပြိုမှုသက်သာစေရန် ဆောင်ရွက်ထားရှိမှု၊ မြန်အောင်တာမိုင် ၆/၃ နှင့်၆/၄ ကြား မန်ကျီးစုပန်းတာ အရှေ့ဘက်ရှိ ရေကာနံရံကြွခိုင်မှု ကောင်းမွန်စေရန် သဲအိတ်များဖြင့် တာခြေထောက် ဆောင်ရွက်ထားရှိမှု၊ မြန်အောင်မြို့နယ် ကနောင်မြို့ အမှတ်(၃) ဈေးပိုင်းရပ်ကွက် ကမ်းနားတာ (တာဟောင်း)ကမ်းပြိုကမ်းစားကာကွယ်ရေးဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

အုတ်တွင်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ ဘဝအဖော်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၏ ရန်ပုံငွေဖြင့် (၈)ကြိမ်မြောက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အမက(မူလွန်) ခင်တန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်မှူး ဦးမြင့်ငွေက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက ကျောင်းသား ကျောင်းသူ ၁၅၀ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ တန်ဖိုးငွေကျပ် ၁၇၂၀၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



## ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မသန်စွမ်းကျောင်းသား ကျောင်းသူ ၄၇ ဦးအား ပညာသင်ဆုချီးမြှင့်မည့်စီမံကိန်းလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၅

ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မသန်စွမ်း ကျောင်းသား ကျောင်းသူ ၄၇ ဦးအား ပညာသင်ဆုချီးမြှင့်မည့် "Building Bridges by Breaking Barriers – 5B" ငါးနှစ်တာစီမံကိန်း သဘောတူစာချုပ်လွှာကို ဩဂုတ် ၁၃ ရက်က လက်မှတ်ရေးထိုးသည်။




အဆိုပါ အစီအစဉ်သည် မသန်စွမ်းသူများအတွက် ပညာရေးအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ယင်းအစီအစဉ်တွင် ဒေသအသီးသီးမှ လျှောက်ထားလာသော ကိုယ်အင်္ဂါ၊ အမြင်၊ အကြားနှင့် ဉာဏ်ရည်မသန်စွမ်းမှု စသည့် မသန်စွမ်းမှု အမျိုးအစားကွဲပြားသော ကျောင်းသား ကျောင်းသူများအနက် ထူးချွန်ပြီး အမှန်တကယ်လိုအပ်သော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇ ဦးကို စနစ်တကျ ရွေးချယ်ချီးမြှင့်ခဲ့ရာ အထက်တန်းအဆင့် (Grade–8 မှ Grade –12) အထိ ကျောင်းသား ၂၄ ဦး၊ တက္ကသိုလ်ကျောင်းသား ငါးဦးနှင့် အဝေးသင်တက္ကသိုလ်ကျောင်းသား ၁၈ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ် အနေဖြင့် ဤပညာသင်ဆုကို ကျောင်းသားများ လက်ရှိသင်ယူနေသည့် အတန်းမှစ၍ တက္ကသိုလ်ပညာရေး ဆုံးခန်းတိုင်သည်အထိ လစဉ်ကနဦး ငါးနှစ်တာကာလ လျာထား၍ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ဆက်လက်ရရှိနိုင်စေရန် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဖက်သဘောတူ စာချုပ်လွှာလက်မှတ်ရေးထိုးပွဲသို့ ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ၊ ပညာသင်ဆုလက်ခံယူမည့် ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြပြီး ပညာသင်ဆုနှင့်အတူ ကျောင်းသုံး ပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် တက်ရောက်လာသော ကျောင်းသားများအတွက် Digital Literacy Awareness Program အဖြစ် Mobile Wallet မှတစ်ဆင့် ဒီဂျစ်တယ် လိမ်လည်မှုများ ကင်းဝေးစေရန် သိရှိထားသင့်သည့် ဆောင်ရန်/ ရှောင်ရန်များနှင့် KBZ Pay အသုံးပြုမှုဆိုင်ရာ အသိပညာမျှဝေခြင်း ကဏ္ဍကိုလည်း ထည့်သွင်း ကျင်းပခဲ့ကြောင်း သိရသည်။

MT

## ရေစကြိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရေစကြို ဩဂုတ် ၁၅

ရေစကြိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ် ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်များကို ဩဂုတ် ၁၄ ရက်တွင် ရေစကြိုမြို့ အထက(၁)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်မိုးနှင့် ဝန်ထမ်းများက အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၉၀ နှင့် အသက် (၁၈)နှစ်ပြည့် ကျောင်းသားတစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၁ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေဇင်မို့(ရေစကြို)





## ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ပြန်လည်ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က အသင်း၏ လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက သမဝါယမအသင်း ဥပဒေအရ အမှုဆောင်များ ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ် ငါးဦးအား အတည်ပြုချက်ရယူသည်။

ယင်းနောက် အသင်းသားများအား အစုပေါ်အမြတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာ

# ချောင်းဆုံမြို့နယ် သံလွင်တံတား(ချောင်းဆုံ) တိုင်အမှတ် K12 နှင့် K13 အကြား အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁၅**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၈) မွန်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ချောင်းဆုံမြို့နယ် သံလွင်တံတား(ချောင်းဆုံ) တိုင်အမှတ် K12 နှင့် K13 အကြား အရေးပေါ် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



**ကွင်းဆင်းစစ်ဆေး**

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက သွားရောက်ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် Bamboo Floating Units(ဝါးရေတောင်မွေးတွဲဝါးဖောင်)အလျား ပေ ၁၀၀၀ ချထားခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ်ရှိမြို့နယ် ဘောလုံးကွင်းအတွင်း မြက်ခင်း ထိန်းသိမ်းထားရှိမှု၊ ပွဲကြည့်စင်များနှင့် အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားကွင်း/အားကစားခန်းမများ ရေရှည်တည်တံ့ ကောင်းမွန်စေရေးနှင့် စနစ်တကျ ပြုပြင်ထိန်းသိမ်းရေး၊ အားကစားလေ့ကျင့်မှု လွယ်ကူစွာ ပြုလုပ်နိုင်ရန်နှင့် အားကစားအဆင့်အတန်း မြင့်မားလာစေရန် စီမံဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုနှင့် အလင်းရောင်ရရှိရေးတို့ကို မှာကြားပြီး အသက်(၁၈)နှစ်အောက် အခြေခံပညာအထက်တန်း ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲအဖြစ် ကွမ်းသဲဇုန်ဘောလုံးအသင်းနှင့် မုရစ်ကလေးဇုန် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

---

**❒ မိုးသည်းထန်စွာမှ**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ **မိုး/ဇလ**

---



# လေးမျက်နှာမြို့နယ် ဟင်္သာတမြို့၊ ရေကြည်မြို့၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့်၊ ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် လေးခုနှင့်ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ နှစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၂၀၁ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား (Geobags)အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# တောင်ကြီးမြို့၌ ကြံ့ကြံ့ခိုင်နိုင်စွမ်းမှတစ်ဆင့် အနာဂတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၁၅**

ကြံ့ကြံ့ခိုင်နိုင်စွမ်းမှ တစ်ဆင့် အနာဂတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး - လူမှုစီးပွားဘဝ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ခြင်း ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ဦးဆောင် အထွေထွေအာမခံကုမ္ပဏီတစ်ခုဖြစ်သည့် KBZMS General Insurance က ဦးဆောင်၍ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ Jasmine Taunggyi ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် KBZ Group ၏ Vice Chairman ဦးညိုမြင့်က KBZ Group ၏ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေါ်ချောကလျာ (Architect & Researcher Statement Architecture + Design)က ရှမ်းပြည်နယ်၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် လက်မှုပညာများကို ထိန်းသိမ်းကာ လျှော်ဘေးအန္တရာယ် သင်ခန်းစာများအပေါ် အခြေခံ၍ ပိုမိုကြံ့ခိုင်နိုင်သော အဆောက်အအုံများ ပြည်လည် တည်ဆောက်နည်းများ၊ ဒေါ်ယမုံသော်(Excellence & Resilience Lead for Inlay Resource Center)အင်းလေး အရင်းအမြစ်စင်တာ (IRC)က ဒေသခံများ၏ အသိုင်းအဝိုင်းအခြေပြု သဘာဝဘေး ကြိုတင်ပြင်ဆင်မှုဆိုင်ရာ နည်းလမ်းများနှင့် စဉ်ဆက်မပြတ် ရေရှည်ဝမ်းစာရေးဆိုင်ရာ ရှုထောင့်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ KBZMS ၏ Head of Survey & Engineering ဦးကျော်ဇေယျာလင်းက မြန်မာနိုင်ငံ၏ လျှော်ဘေးအန္တရာယ် စိန်ခေါ်မှုများ၊ သဘာဝဘေး စီမံခန့်ခွဲမှုနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး အစီအစဉ်(BCP) နည်းလမ်းများ ဆွေးနွေးပြီးနောက် KBZMS ၏ CEO ဦးစိုင်းလူမွန်အောင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း - ကိုနိုင်**
**ဓာတ်ပုံ - မောင်တိုး**





## ပြည်တက္ကသိုလ်၌ ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

ပြည် ဩဂုတ် ၁၅

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုများ၊ ဌာနအသီးသီး၏ တေးသီဆို အကအလှဖျော်ဖြေရေး၊ ကာယအလှမယ်ပြိုင်ပွဲနှင့် ကာယဗလမောင်ပြိုင်ပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဆုရရှိသူများအား ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ဂုဏ်ပြုဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**

# ရွှေညောင်မြို့၌ ဖူဆယ်အားကစားရုံအသစ် ဖွင့်လှစ်

ရွှေညောင် ဩဂုတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ ယနေ့မွန်းလွဲပိုင်းက ဖူဆယ်အားကစားရုံအသစ်ဖွင့်ပွဲ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ် ဝန်ကြီးများက တက်ရောက် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



**ပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန် ယခုလို အားကစားရုံအသစ် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းထိန်းသိမ်း ကြစေလိုကြောင်း ပြောကြားပြီး ဘင်ခရာတပ်ဖွဲ့နှင့် ရှမ်းယဉ်ကျေးမှု အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် ဖူဆယ်အားကစားရုံ တည်ဆောက်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ရှိသူက အားကစားရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖူဆယ်ဘောလုံးများ ပေးအပ်ရာ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက လက်ခံရယူပြီး ၂၀၁၆ ခုနှစ် SHAN FUTSAL LEAGUE ကလပ်ပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် AON FC အသင်းနှင့် ADONIS FC အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဟင်္သာတတက္ကသိုလ်၌ ကာယဗလမောင်နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ ကျင်းပ

ဟင်္သာတ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဟင်္သာတတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကာယဗလမောင်နှင့် လှယဉ်ကျေးမယ် ပြိုင်ပွဲကို တက္ကသိုလ် လေးထပ်ဆောင်ခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲဝင် ကာယဗလမောင်များနှင့် လှယဉ်ကျေးမယ်များက ကိုယ်ဟန်ပြသယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ **၂၀၁၆ ခုနှစ်မှ**

ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရာဇာထွန်း (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ လှိုင်မျိုးထွန်း (အပြာ)တို့ ယှဉ်ပြိုင်ရာ လှိုင်မျိုးထွန်း(အပြာ) က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဝေါယောဇက်(အနီ)နှင့် မွန်ပြည်နယ် အသင်းမှ လွင်ထူးစံ(အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ထူးစံ(အပြာ)က လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းမှ ခန့်ဇင်ကျော်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းလင်းအောင် (အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းလင်းအောင် (အပြာ)က လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအသင်းမှ သူထူးအောင်(အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းဇော်ဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းဇော်ဦး (အပြာ)က လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော် (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး (အပြာ)တို့ ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော်(အနီ) က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ဘတ်နက်ဒက်ဂျန်း(အနီ)နှင့် ရန်ကုန် တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော်(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းခန့်ဇော်(အပြာ)က လည်း ကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မင်းခန့်သူ (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စရဲမြင့်အေး (အပြာ)တို့ ယှဉ်ပြိုင်ရာ စရဲမြင့်အေး(အပြာ) ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အောင်အောင်ဟိန်း(အနီ)နှင့် ပဲခူးတိုင်းဒေသကြီး အသင်းမှ လွင်ကိုကိုထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ကိုကိုထက်(အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသား ၅၄ ကီလို(ဂ အဆင့်) ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဟာခေါင်ဂေ (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ကျော်ကျော်(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ပြည့်ညီညီအောင် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောပြည့်စုံဖြိုး (အပြာ)တို့ ယှဉ်ပြိုင်ရာ စောပြည့်စုံဖြိုး(အပြာ) က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ အံ့ထူးခန့်(အနီ)နှင့် ရှမ်းပြည်နယ် အသင်းမှ မင်းသူရိန်(အပြာ)တို့ ယှဉ်ပြိုင်ရာ အံ့ထူးခန့်(အနီ)က လည်းကောင်း၊ ကရင် ပြည်နယ်အသင်းမှ စောပစော်ဖော(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ထွန်းထွန်းနိုင်(အပြာ) တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အနီ)က လည်း ကောင်း၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်)တွင် မွန်ပြည်နယ်အသင်းမှ အောင်ကျော်မျိုး(အနီ) နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန္ဒ (အပြာ)တို့ ယှဉ်ပြိုင်ရာ နန္ဒ(အပြာ)က လည်း ကောင်း၊ ကချင်ပြည်နယ်အသင်းမှ လမိုင်ဇျင်းအောင်(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ဟိန်းထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟိန်းထက်(အပြာ)က လည်းကောင်း၊ ကရင် ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့်(အနီ) နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အောင်ဟိန်းစွမ်း(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အနီ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းနွဲ့နွဲ့နှောင်(အနီ) နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သဥ္စာမင်း (အပြာ)တို့ ယှဉ်ပြိုင်ရာ နန်းနွဲ့နွဲ့နှောင်(အနီ) က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ထက်ထက်ဝေ(အနီ)နှင့် ကယား ပြည်နယ်အသင်းမှ ကော်ရက်တီ(အပြာ)တို့ ယှဉ်ပြိုင်ရာ ကော်ရက်တီ(အပြာ)က လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၆ ရက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုနိုင်ကြောင်း သိရ သည်။

**သတင်းစဉ်**

❂ **အာဆီယံမှ**

ရှုံးပွဲမရှိကစားနိုင်ခဲ့သည့် စင်ကာပူအသင်းသည် အိမ်ကွင်း၌ ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပထမပိုင်းမှာပင် ထိုင်းအသင်းက နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပြီး တီယာဝပ်ဖီမိုင်က ၁၄၊ ၂၆ မိနစ်တို့တွင် သွင်းယူသည်။ ၃၉ မိနစ်တွင် အိမ်ရှင်စင်ကာပူအသင်း ပင်နယ်တီကန်ခွင့်ရသော်လည်း ရှာဝယ်အန်ဝါ၏ ကန်ချက်ကို ထိုင်းဂိုးသမား လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ၅၃ မိနစ်တွင် ထိုင်းအသင်း တတိယဂိုးထပ်ရခဲ့ပြီး ဆက်ဆန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် အီဖန်ဖန်ဒီက သွင်းယူခဲ့သည်။

အာဆီယံ ဖွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ် (ပထမအကျော့)ကို ဩဂုတ် ၁၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ ကျင်းပမည်ဖြစ်ပြီး မလေးရှားအသင်းနှင့် ဗီယက်နမ် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - FAT**

❖ **MNL ယူ-၂၀ မှ**

ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ မိနစ် ၄၀ တွင် ခွန်းချိုထူးက ပင်နယ်တီမှတစ်ဆင့် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပထမပိုင်းပြီးခါနီးတွင် မာန်ရဲလေးက အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက အနိုင်ဂိုးများရခဲ့ပြီး မင်းကိုခန့်က ၅၉၊ ၇၀ မိနစ်တို့တွင် သွင်းယူခဲ့သည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့် ပွဲတွင် ရတနာပုံအသင်းက ဧရာဝတီယူနိုက်တက်အသင်းကို သုံးဂိုး - ဂိုးမရှိ၊ သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် Galaxy အသင်းက Chinland အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**ယှဉ်ပြိုင်ကစားမည်**

ဩဂုတ် ၁၅ ရက်က သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် နောက်ကျဂိုးဖြင့် အမှတ်ပြည့်ရခဲ့ပြီး ၉၀+၁ မိနစ်တွင် ရှာကိုကိုက သွင်းယူသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၂၊ ၈၀ မိနစ်တို့တွင် အောင်ဇော်ဦး၊ ၄၅+၂၊ ၆၄၊ ၇၀ မိနစ်တို့တွင် သူရညီညီကသွင်းယူပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၅+၃ မိနစ်တွင် ပိုင်သက်ဦး၊ ၇၈ မိနစ်တွင် ဒေးဂျာက သွင်းယူသည်။ ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို ဩဂုတ် ၁၆ ရက် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - YUFC**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၁၆၇-ရတနာအိမ်ရာ )၊ မြေကွက်အမှတ်-( ၁၉ )အရ မြေဧရိယာ-( ၀. ၁၂၁ )ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ထား ( ၁၂/ပဘတ (နိုင်) ၀၀၉၉၄၉ )နှင့် ဦးဖြိုးမင်းကြည် ( ၁၂/ပဘတ (နိုင်) ၀၀၀၁၃၁ )တို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၅၉)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊ ၈၂၉၆၁၃၂။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/H)၊ မြေကွက်အမှတ်(၁၁၉)၊ ဧရိယာ(၈၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၄၈)၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းလျက် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁) ဒေါ်မိမိခိုင်[၁၂/ဗဟန(နိုင်)၀၄၃၆၂၉]၊ (၂) ဒေါ်မိုးမိုးခိုင်[၁၂/ဗဟန(နိုင်)၀၀၄၃၂၈]၊ (၃) ဦးဇော်ဇော်ဟိန်း [၁၂/ဗဟန(နိုင်)၀၄၀၅၅၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ကိုကိုဦး ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄ )**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ – ၄၂၁၁၆၉၄၆၀၊ ၀၉–၇၉၁၅၁၈၅၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၈၇၉)၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)ရှိ ဒေါ်သီတာအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မူမူလှိုင် [၁၀/ကမရ(နိုင်)၀၀၁၅၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလျန်ခန့်ပေါင် [၅/ကလထ(နိုင်)၀၅၃၈၅၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် မြေကွက်တန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ဖြိုးဝေ (စဉ်–၁၇၄၆၁)** | **ဒေါ်အိအိခင် (စဉ်–၉၇၉၅)** |
| **LL.B** | **LL.B,LL.M,D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၄၁၀၆၊ ၀၉–၇၉၅၃၇၅၉၃၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၃၈)၊ တတိယထပ်(ယာ)၊ (၄–လွှာ)၊ အလျား ၁၂ ပေxအနံ ၆၀ ပေအကျယ်အဝန်းရှိ နေအိမ်တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမာမက်ရှရစ် (MTNT–၀၁၇၇၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ယင်းတိုက်ခန်း အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်သန်းဦး [ B.A (Eco) (H.G.P, D.A.(1)]**
**အထက်တန်းရှေ့နေ (စဉ်–၁၀၂၂၀)**
**အမှတ် (၁၁၉/A)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၂၇၅၂၆၂၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

**"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သစ္စာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၉ (အေ)၊ မြေကွက်အမှတ်–၁၃ ဟုခေါ်တွင်သည့် ဦးမြင့်နိုင် ပါ–၇ ဦးအမည်ပေါက် (ပေ၄၀xပေ ၆၀)အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော (ပေ၂၀xပေ ၆၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့ကို **ဒေါ်ခင်မို့မို့ကြည် [၁၂/သဃက (နိုင်) ၀၂၇၀၁၁]**က တရားဝင် ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဒေစီလင်း [၁၄/အဂပ(နိုင်) ၁၅၆၅၈၁]**မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၈၄)**
**အမှတ်–၅၆၅၊ အခန်း–၁၀၃/ဒီ၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၅၃၂၃၃၉၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅–၈–၂၀၂၆ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးပွင့်ဖြူ ကြော်ငြာတွင် ဒေါ်အေးအိမွန် အစား ဒေါ်အေးအိမွန်ကျော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁၈)လမ်းအိမ်ရာ၊ တိုက်အမှတ်(၉၁/၁၀၇)၊ အခန်းအမှတ်(၁၀၅)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးထင်ကျော် [၁၂/လသန(နိုင်) ၀၀၄၉၄၀]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၃၈၇(၁)(၂)၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ် (–)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ၃/၂)အဆောက်အဦမှ 3–B ထပ်၊ (၃)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (ညာ) ဘက်ခြမ်း၊ အကျယ်အဝန်း (၁၇ပေx ၄၃ပေ )ရှိ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်) ၂၀၇၇၃၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အိသူစံ [၁၀/ကထန(နိုင်) ၀၉၄၄၆၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသူစံ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်ထိန်လင်း** | **ဒေါ်နေခြည်စိုး (LL.B , D.B.L)** |
| **(စဉ်– ၁၉၈၃၉/၁၉၉၃)** | **(စဉ်– ၁၈၄၈၃/၂၀၂၃)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၆၂၉)၊ ဂန္ဓမာလမ်းသွယ်(၄)၊ ပေါင်းကူညာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၃၁၉၁၈၉၈**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City အိမ်ရာဝင်းအတွင်းရှိ Estella Lane – 3, ETH– 145၊ အကျယ်အဝန်း (၂၂ပေx ၅၅ပေ)ရှိ မြေနှင့် အဆောက်အဦပါ နှစ်ထပ် Town House နှင့် ယင်းနှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချပိုင်ဆိုင်ခွင့်ရှိသော ဦးစိုင်းဆမ်ထွန်း [၁၃/လရန(နိုင်) ၀၁၃၃၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်အထောက်အထားမူရင်းများဖြင့် ယနေ့ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆုမွန်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၆၈၇)**
**အမှတ်– ၁၉၆၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၃၁၇၄၆၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၆၆/၄)၊ ဦးပိုင်အမှတ်(၁–စ)၊ ၃၇x၃၈ ကြား၊ ၅၂လမ်းxပြင်ဦးလွင် ကားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမို့မို့အေး [၁/ကမန(နိုင်) ၀၁၇၉၃၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဒ–၄)၊ ဦးပိုင်အမှတ် (၈)၊ ၃၇လမ်းမျက်နှာပြု ၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၉၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းမျိုးဝင်းလှိုင် [၁၃/မဆတ(နိုင်) ၀၂၈၇၇၀]၏ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင် ပါရှိလာမည့် မင်နီမှတ်ချက်အားပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် မူလ ဦးစံသိန်းအမည်ဖြင့် အမှုတွဲအမှတ် (၇၈၀/၁၉၉၂–၁၉၉၃)အရ ထုတ်ပေးထားသော ဂရန်စာချုပ်နံပါတ် (၄၀၇ / ၁၉၉၃ – ၁၉၉၄)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဓဇ–၂၀)၊ ဦးပိုင်အမှတ် (၄၂)၊ ၅၁x၅၂ ကြား၊ ၁၀၈x၁၀၉ ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒုတကသန်းစိုး [၉/မနမ(နိုင်) ၀၆၉၇၀၅] (ကပ–၅၁၂၉၉၇)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၀၂/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေဆွေလွင် [၉/မခန(နိုင်) ၁၅၀၆၃၀]က ၂၄၀၀ိ/၊ ၄၀၀၀ိ/ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၇၃)

## သန်လျင်ခရိုင်တရားရုံးတော်

## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၄၁

ကွယ်လွန်သူ ဦးရွှက်ရှန်၊ ဒေါ်ရှောက်ဟို တို့၏ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ခိုင်ရတနာဦး လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံပလာဇာ၊ အမှတ်(၃၀၁–ဘီ)နေ ဒေါ်ခိုင်ရတနာဦးက ကွယ်လွန်သူ ဦးရွှက်ရှန်၊ ဒေါ်ရှောက်ဟိုတို့၏ သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံပလာဇာ၊ အမှတ် (၃၀၁–ဘီ)နေ ကွယ်လွန်သူ ဦးရွှက်ရှန်၊ ဒေါ်ရှောက်ဟိုတို့ကျန်ရစ်သော ပစ္စည်းများထဲမှ ပေးရန်နှင့် ရရန်ရှိသော ကြွေးမြီများပေါ်တွင်လည်းကောင်း၊ အခြားကိစ္စများပေါ်တွင်လည်းကောင်း ဆောင်ရွက်နိုင်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးရွှက်ရှန်၊ ဒေါ်ရှောက်ဟိုတို့ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း၊ ၁၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ခိုင်ရတနာဦး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မျိုးသင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သန်လျင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇ )

## ဗိုလ်တထောင်ခရိုင်တရားရုံး

## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၉

**ကွယ်လွန်သူ ဒေါ်တင်တင် ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဒေါ်မာမာဝင်း ——————— လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး/အနောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်– ၁၅၈ နေ လျှောက်ထားသူ ဒေါ်မာမာဝင်းက ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး လွန်ခဲ့သည့် (၃၁–၁၀–၁၉၈၀)ရက်နေ့တွင် ကွယ်လွန်သူ ဒေါ်တင်တင်၏ မြေးအရင်းတော်စပ်သူဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၅–၃–၂၀၂၆)ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဒေါ်မာမာဝင်းသည် (၈–၅–၂၀၂၆) ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ– ၃၀၇ အရ စီမံဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက် (၁၃၈၈ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့)၊ နံနက် (၁၁:၀၀)နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်ရန်ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်၌ လာရောက်ရန်ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်မာမာဝင်း၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ အကွက်အမှတ် (ပ–၅)၊ ဦးပိုင်အမှတ် ၈၈+၉၃ အတွင်းမှ– ၈၈ ခဲစင်း၊ ၆၁x၆၂ ကြား၊ ၄၂x၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးညီညီအောင် [၅/ရဘန (နိုင်) ၀၀၀၀၇၇]၊ ဒေါ်ဝေမာစိုးကြည် [၁၂/သဃက (နိုင်)၁၅၆၅၁၂]တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ–၆)၊ ဦးပိုင်အမှတ် (၁၀၂)၊ ၁၀၄လမ်း၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မော်ဆွေရင်း [၁၃/ကခန(နိုင်) ၀၃၂၅၁၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၂၆၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းစန်းနွယ် [၈/ရစက(နိုင်) ၀၀၁၅၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ–၂)၊ ဦးပိုင်အမှတ် (၈၅)၊ ၅၈x ၅၉ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြတ်ညီညီ [၉/ မနမ (နိုင်) ၀၅၈၅၂၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၆၇/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယော်ထော်ဂျီ [၁၃/ကခန(နိုင်) ၀၃၁၄၄၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဒေါ်ပြုံး(TKA-046049) နှင့် ဦးမြင့်ရွှေ(TKA-137320) တို့အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/အနော်မာ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်(၃၂/ခ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်း ဒေါ်ပြုံးနှင့် ဦးမြင့်ရွှေ တို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ကျွန်ုပ်သည် အဆိုပါမြေနှင့်အိမ်ကို တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော် လွန်သည်အထိ လာရောက်ဆက်သွယ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းကို အကြောင်းကြားအသိပေးအပ်ပါသည်။ လူကြီးမင်းကို ဆက်သွယ်ရှာဖွေ၍မရသည့်အတွက် ယခုကဲ့သို့ သတင်းစာကြော်ငြာရခြင်း ဖြစ်ပါသည်။

**ဒေါ်အေးရီထွန်း (၇/ရကန(နိုင်)၀၃၂၄၆၇)**
**ဖုန်း - ၀၉-၅၄၀၇၁၀၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ သီတာ(၅)လမ်း၊ မြေကွက်အမှတ်(၁၀၂၅/က)၊ **ဦးထွန်းကြည် အမည်ဖြင့် မြေချပါမစ်**ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရပ်ရပ်ဖြင့်ဝယ်ယူ၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်ဟေမာ [၇/သဝတ(နိုင်)၀၉၀၈၅၂]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်ချောစု [၁၂/ဒဂတ(နိုင်) ၁၆၂၃၉]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၈၂)**
**အမှတ်-(၁၂၈/၁၂၉)၊ (၉)မိုင်၊ ဝိဇ္ဇာ(၅)လမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၅၀၀၈၄၄၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယရပ်ကွက်၊ ကာယ (၁၁)လမ်း၊ မြေကွက်အမှတ် (၄/၂၂၆)၊ အကျယ်အဝန်း (၃၀ x ၅၀) ပေ၊ (၁၅၀၀) စတုရန်းပေရှိ ပါမစ်မြေအား ဦးမျိုးအောင် [၁၂/မဂဒ (နိုင်) ၀၅၉၄၈၀]၊ ဒေါ်စံပယ်ဌေး [၁၂/မဂဒ (နိုင်)၀၅၉၄၇၇] တို့မှ အဆက်စပ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ကိုအောင်ကျော်ဇော [၇/ညလပ(နိုင်) ၂၁၆၈၃၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေး/ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၅၉၉၄)** |
| **(LL.B, D.B.L, WIPO)** | **(LL.B, D.B.L, WIPO)** | **(LL.B,WIPO)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်မာလာသန်းမြင့် (LL.B, WIPO)** **ဒေါ်ချယ်ရီဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၅) အထက်တန်းရှေ့နေ (စဉ်-၄၄၃၉၃)**
**အမှတ် (၄၉)၊ အခန်း (၅+၆) လမ်း၊ ဒုတိယထပ်၊ လမ်း (၄၀)**
**(ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၂၆၆၂၅၁၂၆၆**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၀

ကွယ်လွန်သူ ဦးရွက်ရှန် ၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်ခိုင်ရတနာဦး          လျှောက်ထားသူ။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံပလာဇာ၊ အမှတ်(၃၀၁-ဘီ)နေ ဒေါ်ခိုင်ရတနာဦးက ကွယ်လွန်သူ ဦးရွက်ရှန်၏ သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံပလာဇာ၊ အမှတ်(၃၀၁-ဘီ)နေ ၎င်းကွယ်လွန်သူ ဦးရွက်ရှန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးရွက်ရှန်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ခိုင်ရတနာဦး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**သန်လျင်ခရိုင်တရားရုံး**

## " အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၇၊ သီရိဇေယျာ ၁၉လမ်း၊ အမှတ်- ၉၁၉/က ဟုခေါ်တွင်သော ( ၆ )ထပ်တိုက်၊ ၆ လွှာ၊ အကျယ်အဝန်း ( ၁၈ပေ x ၅၄ ပေ) ရှိ တိုက်ခန်းအားလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်မွန်သက် [၁၂/ကမရ(နိုင်)၀၅၈၆၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရောလှိုင်[၁၂/အစန(နိုင်)၀၆၇၀၅၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ကေဇာခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မိုးမြတ် ( L.L.B),(D.I.L)** **ဒေါ်နန်းနုဝတီ ( LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၅၈၁) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၈၃၁)**
**အမှတ် ( ၃၈ /ဘီ ) ဦးသင်းဖေလမ်းသွယ်၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉ - ၇၅၇၆၄၁၁၇၀**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရှုခင်းသာပတ်လမ်း၊ အမှတ်(၉၂၂-က)တွင် တည်ရှိသော **KYAW SISTERS TRADING COMPANY LIMITED** ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၁၄၂၇၁၂၈၃၀သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ **Application Number – T/2025 /000583** ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

**လျှောက်လွှာနံပါတ် – T / 2025 /000583**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စက်မှုလုပ်ငန်းသုံးဆပ်ပြာအမျိုးမျိုး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ခန္ဓာကိုယ်သုံးဆပ်ပြာအမျိုးမျိုး၊ အဝတ်အထည်နှင့်အိမ်သုံးသန့်ရှင်းရေးဆပ်ပြာအမျိုးမျိုး၊ ဆပ်ပြာအမွှေးဆီအမျိုးမျိုးတို့နှင့် ပတ်သက်သော ဆပ်ပြာဆီကုန်ကြမ်းအမျိုးမျိုးတို့ကို သိုလှောင်ခြင်းနှင့် လက်လီ/ လက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ် ရောင်းချခြင်း၊ Online မှ တစ်ဆင့် ရောင်းချပေးခြင်းများကို ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင် လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြိမ်းတုပ သုံးစွဲခြင်း၊ အမည်စာသား၊ ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုးလုံးဝမပြုလုပ်ပါရန် သတိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ မှိုင်းမြိမ်းတုပသုံးစွဲမည်ဆိုပါက ကျွန်ုပ်တို့မိတ်ဆွေ၏ နစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **KYAW SISTERS TRADING COMPANY LIMITED ၏**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မိုးမြတ်( LL.B),(D.I.L)** **ဒေါ်နန်းနုဝတီ ( LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၅၈၁) တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၅၈၃၁)**
**အမှတ် ( ၃၈ /ဘီ ) ဦးသင်းဖေလမ်းသွယ်၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉ - ၇၅၇၆၄၁၁၇၀၊ ၀၉ - ၇၉၇၅၁၂၀၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် (၇၆၃)၊ ဦးပိုင်အမှတ် (၁၃-က)၊ ၆၆x ၆၇ကြား၊ ၃၁-Aလမ်းရှိ ဦးမိုးကြိုး၊ ဒေါ်မြရင် အမည်ပေါက် ဂရန်မြေကွက်အား (ခင်ပွန်း) ဦးမိုးကြိုး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၄၇၅/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ (ဇနီး) ဒေါ်မြရင် [၁/ကမန(နိုင်)၀၁၂၆၂၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅-S)၊ ဦးပိုင်အမှတ် (၃၀-စ/၂၄ )၊ ၁၅လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြဝင်း [၉/ မနတ(နိုင်)၀၇၉၉၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (B-၂၄)၊ ဦးပိုင်အမှတ် (၆ )၊ ၅၂x၅၃ကြား၊ ၃၄x ၃၄-Aလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပြည့်ဖြိုးတင် [၅/မရန(နိုင်) ၂၂၆၉၃၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၂၉/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေမွန်လတ် [၉/ခအဇ(နိုင်) ၀၁၁၈၀၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ အ.ထ.က (နတ်ပေး) ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မပန်းအိဖွေး၏ဖခင် ဦးမင်းနိုင်၏ အမည်မှန်မှာ ဦးမင်းအောင် [၁၄/ညတန(နိုင်)၁၀၇၉၂] ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၆)၊ ဦးပိုင်အမှတ် (၅၆-ဈ+၅၆-ဍ)၊ ၂၇x ၂၈ကြား၊ ၆၂x ၆၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းအောင် [၉/မရတ(နိုင်) ၀၀၆၈၀၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၆)၊ ဦးပိုင်အမှတ် (၃၂၄-စ)အလယ်ပိုင်း၊ မြေအကျယ် (မျက်နှာစာ)တောင်-မြောက်(၁၅)ပေနှင့်အရှေ့-အနောက်(၄၃)ပေခဲခင်း၊ ၃၀x ၃၂ကြား၊ ၅၇x ၅၈ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လှိုင် [၉/မရမ(နိုင်)၀၁၁၉၆၁၇]က ဂရန်စာချုပ်တင်ပြ၍ ခဲခင်းပြ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၉၁)၊ ဦးပိုင်အမှတ် (၂၂-ဇ )၊ ၇၀x၇၁ကြား၊ ၄၀x ၄၁လမ်းကြားရှိ ဒေါ်သန်းသန်းဆင့် အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်သန်းသန်းဆင့်(ခ)ဆင့်ဆင့်အောင် [၉/ မရမ(နိုင်) ၀၆၃၁၃၇]၊ ဦးမျိုးမင်းလတ် [၉/ပသက(နိုင်)၀၉၉၅၄၁] တို့၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၅၁၈၀/၂၀၀၈) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်သူရ [၉/မရတ(နိုင်)၁၁၅၉၇၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ရွှေနှင်းဆီ(၄)လမ်း၊မြေကွက်အမှတ်(၁၈၂/က)၊အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိဒေါ်လတ်ချိုခင်မြင့်(၁၂/ပဇတ(နိုင်)၀၃၀၀၈၀)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေနှင့်အိမ်အား နှစ်(၆၀)မြေငှားဂရန်နှင့်မြို့မြေစာရင်းတွင် ဒေါ်လတ်ချိုခင်မြင့် (၁၂/ပဇတ (နိုင်) ၀၃၀၀၈၀) အမည်ဖြင့် တရားဝင်မှတ်သားတည်ရှိပြီး မြေအမည်ပေါက်ကိုယ်တိုင်က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၂၅၂၂၁၀၈၀၇

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် (၁၄၃)၊ ၂ ခန်းတွဲ ၆ ထပ်တိုက်၏ ဒုတိယထပ်၊ မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊ (၁၂ပေ x ၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမြတ်စိုး [၁၃/နမတ(နိုင်)၀၀၁၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူဟန် [၁၂/အစန(နိုင်)၁၈၆၂၆၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများနှင့်တကွ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းထက် (LL. B, D. B . L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၁၈၈၅)**
**တိုက် – (၁၀ /၁၂)၊ အခန်း – (၁၀၄ / F)၊ ပထမထပ်၊ ၃၅ လမ်းတို**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်- ၅၉၃၊ ကွင်းအမည်- မြတ်လှကွင်း၊ ဦးပိုင်အမှတ် (၂၀)၊ ဧရိယာ (၀.၈၃) ဧက၊ ဦးပိုင်အမှတ် (၃/၂)၊ ဧရိယာ (၈.၈၆)ဧကနှင့် ဦးပိုင်အမှတ် (၆/၂)၊ ဧရိယာ (၁၀.၁၉) ဧကရှိ စုစုပေါင်းပုံစံ (၇) (၃) စောင်သည် ဦးကျော်ဝင်း အမည်ပေါက်ထွက်ရှိပြီး ပုံစံ(၇)များ ပျောက်ဆုံးနေပါသဖြင့် အထောက်အထားများတင်ပြ၍ ပုံစံ (၇) ပြန်လည်လျှောက်ထားရယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြင့်သူဇာမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၂၄၅)**
**အမှတ် (၂၆၀)၊ (၃) ရပ်ကွက်၊ မြောင်းတကာကျေးရွာ၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉ – ၇၇၅၃၃၄၆၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/၅၊ မြေကွက်အမှတ် -၉၂+၉၃+၉၄၊ ဧရိယာ (၀.၁၀၃)ဧက၊ မြေကွက်တည်နေရာအမှတ်-၉၂+၉၃+၉၄ မြမျိုးလွင်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးတင်ရွှေ [၁၄/ညတန(နိုင်)၀၈၉၃၀၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ [၁၄/ညတန(နိုင်)၀၈၉၃၀၇] (ဖခင်)သည်(၈-၁၂-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ယဉ်ယဉ် [၁၄/ညတန(နိုင်)၀၁၁၄၅၂] (မိခင်)သည် (၂၃-၁-၂၀၂၆)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဒေါ်သူဇာရွှေ [၁၄/ညတန(နိုင်) ၀၉၂၃၇၉] မှတစ်ဦးတည်းသော သမီးတော်စပ်ကြောင်း၊ အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမမွေးစားခြင်းလည်းမရှိကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၁၈၃/ခ၊ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်(၁၈၃/ခ)၊ ဇမ္ဗူသီရိအနောက်(၆)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းလှိုင် (CJ- ၀၀၉၀၀၆)၊ ဒေါ်အုံးရှင်(CJ-၀၂၆၆၄၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်နှင်းခိုင်မှ တရားလိုပြုလုပ်၍ ဦးထွန်းလှိုင်၊ ဒေါ်အုံးရှင်တို့အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉/၂၀၂၄ ဖြင့် ပဋိညာဉ် စာချုပ်ပါအတိုင်း အိမ်ခြံမြေအား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၅-၉-၂၀၂၄) ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၄၀/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇-၁၂-၂၀၂၄) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ထုံးပုံကျအပြီးသတ်အမိန့်၊ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံ၊ မြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းစသော ကိစ္စ အဝဝတို့ကိုကူညီဆောင်ရွက်ပေးပါရန် ဒေါပုံမြို့နယ် တရားရုံးမှ ဤဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မျိုးဆက်သစ်ရိုးရာ လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပသည်။


စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ■

## မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း ဩဂုတ် ၁၈ ရက်မှ ၂၁ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❒




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၈-၈-၂၀၂၆ ရက်နေ့မှ ၂၁-၈-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ

## အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် ထိုင်းအသင်း ဂိုးပြတ်အနိုင်ရ



ရန်ကုန် ဩဂုတ် ၁၅

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့ ယနေ့တွင် စင်ကာပူနိုင်ငံရှိ ဂျလန်ဘာဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိုင်းအသင်းသည် အဝေးကွင်း၌ စင်ကာပူအသင်းကို အနိုင်ကစားနိုင်သဖြင့် ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။ အုပ်စုပွဲများတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✪

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၅

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှား အားကစားကွင်း၌ လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်း၌ လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတွင် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

ရန်ကုန် ဩဂုတ် ၁၅

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ကို ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ရတနာပုံအသင်း၊ Galaxy အသင်း၊ ဟံသာဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

ဩဂုတ် ၁၄ ရက်က YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးဇယား ထိပ်ဆုံးနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက အနိုင်ရလဒ်နှင့်အတူ

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❖



Galaxy အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ယနေ့ ဖတ်စရာ

**စက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားလျှော့ချခြင်း၊ ပိတ်သိမ်းရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်း ထိခိုက်နိုင်**

စာမျက်နှာ » ၈



**အင်ဒိုနီးရှားနိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်၊ အနည်းဆုံး ၃၈ ဦး သေဆုံး**

စာမျက်နှာ » ၁၃